ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (27-7-2011) (၆၈၃၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပဲခူးတိုင်းဒေသကြီး အတွင်း ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအမံများချမှတ်ရာတွင် ကျေးလက်ဒေသသာမက မြို့ပေါ်ရပ်ကွက်နေ လက်လုပ်လက်စားများအတွက်ပါ ဆောင်ရွက်ပေးသွားမည် သဘာဝဘေးကို တားဆီး၍မရသော်လည်း တွေ့ကြုံရသည့်အခက်အခဲများကို ကျော်လွှားနိုင်ရေး ကြိုတင်ပြင်ဆင်

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ စစ်ဦးစီးအရာရှိချုပ်(လေ)နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာပြီး နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဲခူးမြို့ရှိ ဗုဒ္ဓအသံ ဓမ္မဗိမာန် မြေညီထပ်၌ ဖွင့်လှစ်ထားသော အရေးပေါ် ရေဘေးယာယီ ကယ်ဆယ်ရေးစခန်းအတွင်း ယာယီခိုလှုံလျက်ရှိကြသော ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၂၇-၇-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

ပြည်သူလူထု ယုံကြည်လေးစားမှု ရယူဖော်ဆောင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးများ အစပြုနေပြီ။ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ ပေါ်ပေါက်လာခဲ့ပြီ။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်အသီးသီး ပေါ်ထွက်လာခဲ့ပြီ။ အာဏာပိုင်အဖွဲ့(၃)ရပ်တို့ ဟန်ချက်ညီညီ ထိန်းကျောင်းရင်း လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြပေပြီ။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘဏ္ဍာငွေရှာဖွေသုံးစွဲရေး၊ ဝန်ထမ်းရေးရာတို့မှ အစပြု၍ အကောင်းဆုံး ဖော်ဆောင်နိုင်ခွင့်ရရှိနေကြပြီ။ မိမိတို့ဒေသ တိုးတက်ရာတိုးတက်ကြောင်း စွမ်းဆောင်ရင်း သန့်ရှင်းသော အစိုးရအဖြစ် ပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်လေးစားမှုရရှိအောင် ကြိုးပမ်းသွားကြရပေမည်။

ထို့အတူ တရားရေးကဏ္ဍ၌ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ ကွပ်ကဲမှုအောက်တွင် လွတ်လပ်စွာတရားစီရင် ကြီးကြပ်နိုင်ကြပြီ။ မိမိတို့ဒေသအတွင်း ရာဇဝတ်မှုများနှင့် တရားမမှုများ စုပုံကျန်မနေစေရေး၊ အလျင်အမြန် ပြီးပြတ်စေရေး အားထုတ်ကြရပေမည်။ တရားရေးဌာနအတွင်း အဂတိလိုက်စားမှုများ ရှောင်ရှားရင်း ပြည်သူလူထု ချစ်ခင်လေးစားအောင် အလုပ်ဖြင့်သက်သေပြ လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ရာ နိုင်ငံတော်က ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေးကို အလေးထားသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်လျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်းလေးထောင်ကျော်အတွက် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ပုဂ္ဂလိကငွေကြေးဝန်ဆောင်မှုဖြင့် ပါဝင်ကူညီကြဦးမည်။ ဒေသနှင့်ကိုက်ညီသည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်သွားကြမည်ဖြစ်သည်။

မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သကဲ့သို့ သမိုင်းဝင် ယဉ်ကျေးမှုမြို့တော်လည်း ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်များ မပြတ်ဝင်ထွက်သွားလာနေသော မြို့၊ လယ်ယာထွက်ကုန်ပစ္စည်းများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော ဗဟိုမြို့အဖြစ် ထင်ရှားနေသည်။ အိမ်နီးချင်းနိုင်ငံကြီးများ၏ ထုတ်ကုန်ဖြန့်ဖြူးရာ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ဝင်ထွက်သွားလာရာ အချက်အချာဒေသဖြစ်၍ နိုင်ငံတကာအဆင့်မီ မြို့ပြဝန်းကျင် သာယာလှပရေး ပြုပြင်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်သစ်ရည်မှန်းချက်များ အောင်မြင်ရေး နောက်မဆုတ်တမ်း စခန်းသွားနေကြပြီ။ နိုင်ငံတစ်ဝန်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လှမ်းတက်နေကြပြီ။ အခြေခံကျလှသော ခြေလှမ်းများကို လှမ်းနိုင်လျက်ရှိသည်။ သက်ဆိုင်ရာအစိုးရအဖွဲ့များ အနေဖြင့် ဒေသခံပြည်သူလူထု၏ လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးရင်း ပြည်သူလူထုနှင့် လက်တွဲကြိုးပမ်းသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ညောင်စာရေးတိုက်နယ်အသင်း (ရန်ကုန်) စုပေါင်းအလှူကျင်းပမည်

ရွှေတောင် ဇူလိုင် ၂၆

ရွှေတောင်မြို့နယ် ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ စုပေါင်းလှူဒါန်းပွဲနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုပွဲကို ဩဂုတ် ၁၃ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် သံယုတ္တနိကာယ်ကျောင်းဆောင်၌ ကျင်းပမည်ဖြစ်ရာ တိုက်နယ်သူ၊ တိုက်နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြသူများစာရင်းကို ကြိုတင်စာရေးပေးပို့ကြရန်နှင့် အသင်းတည်ရာ ဖုန်း-၅၆၄၃၆၀၊ ၀၉-၅၁၅၁၅၁၄၊ ဥက္ကဋ္ဌ ဦးတင်ညွန့် ဖုန်း-၀၉-၇၃၁၆၀၂၄၈၊ ဒုတိယဥက္ကဋ္ဌ ဦးလှစော ဖုန်း-၆၆၅၈၀၃၊ အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၅၀၈၄၄၃၊ ဦးဝင်းဆွေ ဖုန်း-၀၉-၅၁၃၄၄၄၉နှင့် ဦးမြတ်စိုးနိုင် ဖုန်း-၀၉-၅၀၄၀၆၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၆-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၇၁၉၅	၀. ၀၃၃၆၅
တရုတ် (ယွမ်)	၆. ၄၃၉၅၀	၀. ၁၅၅၂၉
အိန္ဒိယ (ရူပီး)	၄၄. ၁၈၀၀	၀. ၀၂၂၆၃
မလေးရှား (ရင်းဂစ်)	၂. ၉၅၆၀၀	၀. ၃၃၈၃၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၃၄၆	၀. ၈၃၀၉၄
ဂျပန် (ယန်း)	၇၈. ၀၅၄၈	၀. ၀၁၂၈၁
တောင်ကိုရီးယား(ဝမ်)	၁၀၅၁. ၄၉	၀. ၀၀၀၉၅
ယူရို	၀. ၆၉၁၆၁	၁. ၄၄၅၉၀
ဗြိတိသျှ (ပေါင်)	၀. ၆၀၉၉၅	၁. ၆၃၉၄၈

အင်တာနက်။

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆိပ်ကမ်းဒေသ စက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ကိုရီးယားသမ္မတနိုင်ငံ HANA INTERNATIONAL INC.မှ Chairman Dr. Sumual In ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။ (အောက်ပုံ)

ယင်းသို့တွေ့ဆုံရာတွင် ဆိပ်ကမ်းဒေသ စက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဇီဝစွမ်းအင်၊ လေစွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်တို့ကို ကောင်းမွန်လုံလောက်စွာ ထုတ်လုပ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြည်တွင်းအလုပ်သမားများ အလုပ်အကိုင် တိုးတက်ရရှိရေး၊ နည်းပညာလွှဲပြောင်းပေးရေး၊ စီမံကိန်းဒေသ၌ မြို့ပြအဆောက်အအုံများ စနစ်တကျ ပါဝင်ရေးဆွဲရေး၊ စေတနာအရင်းခံထား၍ ခိုင်မာသန့်ရှင်းသော စိတ်ဓာတ်ဖြင့် နှစ်ဦးနှစ်ဖက် ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

သွေးရောဂါပညာရပ်ဆိုင်ရာ ညီလာခံ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံဆရာဝန်အသင်း သွေးရောဂါပညာအဖွဲ့မှကြီးမှူး၍ တတိယအကြိမ် သွေးရောဂါပညာရပ်ဆိုင်ရာ ညီလာခံကို ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ အောက်တိုဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ယင်းညီလာခံတွင် ပြည်တွင်းပြည်ပမှ သွေးရောဂါပညာရှင်များက သွေးအားနည်းရောဂါများ၊ သွေးကင်ဆာရောဂါများ၊ ရိုးတွင်းခြင်ဆီအစားထိုးကုသခြင်း၊ သွေးခဲလွယ်ရောဂါ စသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးဟောပြောမည်ဖြစ်ပြီး ညီလာခံတက်ရောက်ရန်အတွက် မှတ်ပုံတင်ရမည့်ရက် အသေးစိတ်ကို ထပ်မံကြေညာမည်ဖြစ်သည်။ (ကြေးမုံ)

မူဆယ်မြို့ ဟိုမွန်ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျန်းမာရေးမှူး(၂) ဦးနွေလွန်ဦးနှင့် အဖွဲ့ဝန်ထမ်းများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ အင်ဂျင်နီယာမှူး ဦးကျုံးလျန်ဖွိုင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖခင်ဦးအောင်သာဖြူ မိခင်ဒေါ်သိန်းမြ၊ အစ်ကို-ဦးကျော်ထွန်းဦး၊ ညီမ-ဒေါ်မြင့်မြင့်ကြည်၊ တူ-မောင်မျိုးမင်းမြတ်တို့အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ ဆရာလေး ဒေါ်ယသနှင့် မောင်နှမတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်) တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေနှင့် ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၂၅ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။(ဇီဝိတဒါနသံဃာ့ဆေးရုံ)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

ပျဉ်းမနား ဇူလိုင် ၂၆

သစ်တောများ ပြုန်းတီးမှုကြောင့် ရာသီဥတု ဖောက်ပြန်ပျက်ယွင်းခြင်းကို တားဆီးကာကွယ်ရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောသယံဇာတများ ထာဝစဉ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျေးလက်ပြည်သူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောသယံဇာတများကို စနစ်တကျထုတ်ယူသုံးစွဲခြင်း၊ ကျေးရွာပိုင် သစ်တောစိုက်ခင်းများ ထူထောင်ခြင်းလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာရေးအတွက် နေပြည်တော် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်တိုးနှင့် ဦးစီးအရာရှိ ဦးရဲမြင့်ဝင်းတို့သည် ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာ အမှန်မြင်စာကြည့်တိုက်၌ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်၊ ဝါးများ စနစ်တကျထုတ်ယူသုံးစွဲရေးတို့ကို အသိပညာပေးဟောပြောခဲ့သည်။ **(အောက်ပုံ)**

(၅၈၆)

ကျွန်းလှမြို့နယ်သူ/သားများ စုပေါင်းလှူဒါန်းမည်

ကျွန်းလှ ဇူလိုင် ၂၆

မန္တလေးမြို့ရောက် ကျွန်းလှမြို့နယ်သူ/သားများ၏ စုပေါင်းမိတ်ဆုံစားပွဲနှင့် ဒုတိယအကြိမ်စုပေါင်းလှူဒါန်းခြင်းကို မြင်းဝန်ကျောင်းတိုက် ပြည်လုံးအံ့ကျောင်းတွင် ဇူလိုင် ၃၀ ရက် (စနေနေ့) နံနက် ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(၅၇၄)

စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) နှင့် မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA)တို့ ပူးတွဲကျင်းပသည့် စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၄/၂၀၁၁)ကို မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ (UMFCCI) ခန်းမ၌ ဇူလိုင် ၃၀ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲတွင် The Role Of Private Sector In The Changing Political Economy ခေါင်းစဉ်ဖြင့် ဦးဇော်မင်းဝင်း (ဒုတိယဥက္ကဋ္ဌ) (UMFCCI)၊ ဦးတင်ဝင်းအောင်(ဥက္ကဋ္ဌ) (MCC Group/MIEGA)တို့က ဟောပြောမည်ဖြစ်ရာ အသေးစိတ်စုံစမ်းလိုပါက ဖုန်း-၀၉-၄၉၃၁၅၆၃၈၊ ၀၉-၄၉၂၃၂၉၀၀နှင့် ၀၉-၇၃၀၉၈၄၃၀ တို့သို့ ဆက်သွယ်နိုင်သည်။ (ကြေးမုံ)

❍ ရှေ့ဖုံးမှ

ဆက်လက်ထွက်ခွာလာပြီး ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဗုဒ္ဓအသံမေ့ဗိမာန်သို့ ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗုဒ္ဓအသံမေ့ဗိမာန် မြေညီထပ်၌ဖွင့်လှစ်ထားသော အရေးပေါ် ရေဘေးယာယီကယ်ဆယ်ရေးစခန်းအတွင်း ယာယီခိုလှုံလျက်ရှိကြသော ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ရေကြီးမှုဖြစ်စဉ်နှင့် လိုအပ်ချက်များကို မေးမြန်းပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အရေးပေါ် ရေဘေးယာယီကယ်ဆယ်ရေးစခန်းအတွင်း ဖွင့်လှစ်ထားသည့် ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းကို ကြည့်ရှုစစ်ဆေးပြီး အဖြစ်များသောရောဂါများ အခြေအနေကို မေးမြန်းကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗုဒ္ဓအသံမေ့ဗိမာန် ပထမထပ်၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းက ပဲခူးတိုင်းဒေသကြီး၏ တည်နေရာ၊ ဧရိယာအကျယ်အဝန်းနှင့် ခရိုင်/ မြို့နယ် ဖွဲ့စည်းမှု၊ မိုးရွာသွန်းမှုအခြေအနေနှင့် နှစ်အလိုက် နှိုင်းယှဉ်ချက်၊ ပဲခူးမြို့နယ်အတွင်း မြစ်ရေဝင်ရောက်မှုနှင့် ရပ်ကွက်အလိုက် ရေဝင်ရောက်ခဲ့သည့် အိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေစာရင်း၊ ရပ်ကွက်အလိုက် အရေးပေါ် ရေဘေးယာယီ ကယ်ဆယ်ရေးစခန်း ၁၈ ခု ဖွင့်လှစ်ထားရှိမှု၊ ပဲခူးမြို့ပေါ်ရပ်ကွက်များနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်သို့ ရေဝင်ရောက်မှု၊ ရေဘေးသင့်ပြည်သူများသို့ အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးမှု၊ ရေပြန်လည်ကျဆင်းသွားပါက ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ မိုးစပါးစိုက်ဧကများတွင် ရေဝင်နစ်မြုပ်မှုဧကနှင့် ပြန်ပေါ်ဧကများ အခြေအနေနှင့် ရေလွှမ်းနစ်မြုပ်မှုကြောင့် မိုးစပါးစိုက်ဧကများ ထိခိုက်ပျက်စီးမှုရှိပါက ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးတွက် ပျိုးပင်အရန်နှင့် မျိုးစပါးစုဆောင်းထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လိုအပ်သည်များမှာကြားရာတွင် အရေးပေါ် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားမှုအဆင်ပြေ မှုရှိ၊ မရှိနှင့် လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရေဘေးသင့်ပြည်သူများသည် နေထိုင်စားသောက်ရေးအဆင်ပြေပြီး ကျန်းမာရေး ထိခိုက်မှုမရှိဘဲ ရွှင်ရွှင်ပျပျရှိသည်ကို တွေ့ရကြောင်း၊ ရေဘေးသင့်ပြည်သူများသည် နေရေးထိုင်ရေး ချို့ငဲ့ကြသည့် လက်လုပ်လက်စားများဖြစ်၍ လာရောက်ခိုလှုံကြခြင်းဖြစ်ကြောင်း၊ လက်ရှိအဆင်ပြေရုံနှင့် မပြီးသေးဘဲ ရေကျ၍ ၎င်းတို့၏ နေအိမ်များသို့ ပြန်သွားသည့်အခါ စားရေးအဆင်ပြေမှုရှိစေရေးအတွက် ဆန်၊ ဆီ၊ ဆားနှင့် အသုံးအဆောင်များကို ဖြည့်ဆည်းပေးရန်လိုကြောင်း၊နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအမံများချမှတ်ရာတွင် ကျေးလက်ဒေသသာမက မြို့ပေါ်ရပ်ကွက်နေ လက်လုပ်လက်စားများအတွက်ပါ ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း၊ ပြည်သူများစားရေးအတွက် ပူပင်ကြောင့်ကြမှုမရှိစေရေး၊ နေရေးအတွက် လုံလုံခြုံခြုံနေနိုင်ရေး၊ နေထိုင်မကောင်းဖြစ်ပါက ဆေးဝါးကုသခံနိုင်ရေးနှင့် ကလေးများ မူလတန်းပညာ အခမဲ့သင်ယူနိုင်ရေး ရည်ရွယ်ချက်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်များကို ချမှတ်ဖော်ဆောင်နေခြင်းဖြစ်ကြောင်း။

ပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသသာမက မြို့ပေါ်ရပ်ကွက်နေ လက်လုပ်လက်စားများအတွက်ပါ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးခြင်းဖြင့် လက်လုပ်လက်စားများ အရင်းအနှီးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ လက်ထဲ၌ ငွေပိုငွေလျှံရှိပါက အလဟဿ မဖြစ်ရလေအောင် ငွေစုငွေချေးအသင်းများ ထူထောင်၍ ဆင်းရဲနွမ်းပါးသူများကို ပြန်လည်ထုတ်ချေးပေးနိုင်မည်ဖြစ်ကြောင်း၊ ရေနစ် မြုပ်သောကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား၊ကျောင်းသူများအတွက် လိုအပ်သော စာရေးကိရိယာများကို ပညာရေးဝန်ကြီးဌာနက ထိုက်သင့်သလို ကူညီနိုင်ရေးအတွက် စာရင်းများ ပြုစုရန်လိုကြောင်း၊ ရေကျသွားသော ရပ်ကွက်များအတွင်း ရောဂါဘယ မဖြစ်ပွားစေရေး သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များက လိုက်လံကြည့်ရှုကူညီပေးရန်လိုကြောင်း၊လယ်ယာကဏ္ဍတွင် လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးရန်လိုကြောင်း၊ သဘာဝ

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုးထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ဘေးအန္တရာယ်ကို တားဆီး၍မရသော်လည်း တွေ့ကြုံလာရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် နည်းလမ်းများရှာဖွေ၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းက လက်ခံသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းက ထောက်ပံ့ငွေများကိုလည်းကောင်း၊အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ရေဝင်ရောက်သည့် စာသင်ကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့က ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ကြရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်ဦး၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုး၊ ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းဝေ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုးနှင့် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေတို့က လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၏ အရည်အသွေးအဆင့်အတန်းကို အများပြည်သူများ သိရှိနိုင်စေရန်နှင့် ဈေးကွက်ချဲ့ထွင် တိုးတက်ရရှိစေရန် ရည်ရွယ်ချက်များဖြင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ကို ဇူလိုင် ၂၂ ရက်မှစ၍ ကြီးမှူးကျင်းပခဲ့ရာ ယနေ့တွင်လည်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူအားပေးကြသည်ကို တွေ့ရသည်။

ခင်းကျင်း ပြသ

ပြပွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းတို့မှ ထုတ်လုပ်သည့် စက်မှုထုတ်ကုန်အမျိုးမျိုးနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၁) အထွေထွေအကြီးစား စက်မှုလုပ်ငန်း၊ အမှတ်(၂) အထွေထွေအကြီးစားစက်မှုလုပ်ငန်းတို့မှ ထုတ်လုပ်သော စက်မှုထုတ်ကုန်ပစ္စည်းများကို လက်လီလက်ကား ဝယ်ယူလိုသူများအတွက် ယခင်နေ့များအတိုင်း စုံလင်စွာ ခင်းကျင်းပြသခဲ့သည်။

ကျင်းပပြီးစီး

ထို့ပြင် ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာဝယ်ယူ အားပေးကြသူများ စိတ်အေးချမ်းမြွေ့စွာ ကြည့်ရှုလေ့လာ ဝယ်ယူနိုင်စေရန် ပျော်ရွှင်စရာ အစီအစဉ်များကို ဆောင်ရွက်ပေးခဲ့ပြီး ဗလာမပါ ကံစမ်းမဲများကိုလည်း စီစဉ်ပေးခဲ့ကြောင်းနှင့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ကို ညနေ ၄ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ထူးကဲဒီရေတက်မည့်အကြောင်း သတိပေး

နေပြည်တော် ဇူလိုင် ၂၆

၂၀၁၁ ခုနှစ် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၅ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၂ ပေခန့်မှ ၂၁ ဒသမ ၄ ပေခန့်အထိ ထူးကဲဒီရေ တက်ရောက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၈ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားသည်။ (သတင်းစဉ်)

ဇူလိုင် ၂၆ ရက်က ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ပေးအပ်ပွဲကို အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူး ဦးမြင့်ဟန်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်လွင်က တက္ကသိုလ်အဆင့်မှ အခြေခံပညာမူလတန်းဆင့်ထိ ကျောင်းသား၊ ကျောင်းသူ ၁၁၂ ဦးအား ကျောင်းသုံးဗလာစာအုပ်အပါအဝင် ပညာသင်စရိတ်ငွေကျပ် ၁၅၈၀၆၀၀ကို ထောက်ပံ့ပေးအပ်စဉ်။ (ကြေးမုံ)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

နေပြည်တော် ဇူလိုင် ၂၆

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန် ကောင်းမွန်၍ ထိရောက်သည့် အကျိုးအာနိသင်ရှိပြီး ကျန်းမာရေးအတွက် ဘေးအန္တရာယ် ကင်းရှင်းစေသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းများမှာ ကျန်းမာရေးနှင့်ကိုက်ညီမှုမရှိပါသဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီမှ ပြန်လည်သိမ်းဆည်းလျက်ရှိပါသည်။

၃။ အများပြည်သူလူထုသည် အဆိုပါ အလှကုန်ပစ္စည်းများကို ဝယ်ယူထားရှိမိပါက သုံးစွဲခြင်း မပြုလုပ်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	အလှကုန်ပစ္စည်းအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ
၁။	Oral B Tooth and Gum Care Alcohol Free Mouth Rinse (500ml,750ml)	Procter & Gamble International Operations
၂။	Oral B Tooth and Gum Care Mouth Rinse (350ml)	Procter & Gamble International Operations

ကျန်းမာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဘာဝနာအကြောင်း သိကောင်းစရာ" တရားတော် (ဆရာတော်အရှင်ကဝိဓဇဇောတိ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၇)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၉)**
၈း၅၀	Activities in The City
၉း၀၀	လက်မှုပညာ၏ဆန်းသစ်သော ဖန်တီးမှုနှင့်. . .
၉း၁၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
၉း၁၅	တင့်တယ်လှပခြင်းတို့ဖန်တီးပေးသူ
၉း၅၀	အားကစားမြင်ကွင်းစုံ
၁၀း၁၅	JAPAN VIDEO TOPICS (Flea Markets for Fun)
၁၀း၂၀	ဖန်တီးသူ၏ပညာစွမ်းမှသည်. . . လှပသောဘဝများဆီသို့
၁၀း၄၅	ဓာတ်ပုံထဲမှအမှတ်တရများ
၁၁း၁၅	ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	ရန်ကုန်မြင်ကွင်းကျယ်
၁၂း၂၅	စားချင်စဖွယ်နည်းအသွယ်သွယ်
၁၂း၅၀	"ဘာဝနာအကြောင်း သိကောင်းစရာ"တရားတော် (ဆရာတော်အရှင်ကဝိဓဇဇောတိ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း
၃း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၇)**
၄း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၉)**
၅း၁၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "လာထားအာဘွား-၂"
၅း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	အားကစားနှင့်ဆက်နွယ်သော ပခုံးအဆစ်ထိခိုက်ဒဏ်ရာရခြင်း ကျန်းမာရေးဟောပြောပွဲ
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၈)**
၇း၂၀	Cartoon Show Time
၈း၀၀	MRTV-4 သတင်း
၈း၃၀	ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
၈း၄၅	သင်ကြားရေးလမ်းညွှန်
၉း၁၀	Celebrity Style
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၀)**
၁၀း၃၀	14th FINA WORLD CHAMPIONSHIPS-SHANGHAI 2011
၁၁း၃၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၁း၅၅	Industrial Talk
၁၂း၁၅	World of Knowledge
၁း၀၅	တေးဂီတအစီအစဉ်
၁း၂၅	ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွဲ့များ
၁း၅၅	လှေကားသုံးထစ်ဆင်းတဲ့အခါ (မင်းသူ၊ အရိုင်း၊ အေးသီတာ) -ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
၂း၀၅	Box Office Movies (Watch Men)
၂း၂၅	ရှမ်းမြောက်မြေက. . . မွှေးကြိုင်သင်းပျံ့. . . ဝူးလုံရန်နံ့
၂း၃၅	ဒို့တိုင်းဌာနီရောဝတီ
၃း၁၀	"ရွှေဖြူ"ဟုခေါ်သည် (အပိုင်း-၁)
၃း၃၀	ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့အလည်တစ်ခေါက်
၃း၅၅	ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၄း၁၅	ချည်ခင်ကိုမယ်ရှင်းလို့ ရက်ကာအမြဲ. . . ဝတ်မယ်ထာဝစဉ်
၄း၃၀	အံ့ဖွယ်ထူးခြားမြေလတ်ဒေသဆီမှ ဘုရားများ
၅း၀၀	အစီအစဉ်ပြီး။

ဗီယက်နမ်သမ္မတသစ်အဖြစ် ထရန်တန်ဆန်းအား ရွေးချယ်တင်မြှောက်

ဟန္နိုင်း ဇူလိုင် ၂၆

ဗီယက်နမ်နိုင်ငံ၏ သမ္မတသစ်အဖြစ် အသက်(၆၂)နှစ်အရွယ်ရှိ ထရန်တန်ဆန်းအား အမျိုးသားလွှတ်တော်က ဇူလိုင် ၂၅ ရက်တွင် ရွေးချယ်တင်မြှောက်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ် သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ထရန်တန်ဆန်း။ *(ဓာတ်ပုံ-အင်တာနက်)*

ထရန်တန်ဆန်းအား တစ်ဦးတည်းသောသမ္မတလောင်းအဖြစ် ပြီးခဲ့သည့်ရက်သတ္တပတ်ကုန်က တရားဝင်အမည်စာရင်း တင်သွင်းခဲ့ပြီးနောက် အမျိုးသားလွှတ်တော်က ဇူလိုင် ၂၅ ရက်က မဲခွဲဆုံးဖြတ်ရာတွင် မဲပေးသူ ၄၉၆ ဦးအနက် ၉၇ ရာခိုင်နှုန်းကျော်က ၎င်းအား သမ္မတအဖြစ် တင်မြှောက်ရန် ထောက်ခံမဲပေးခဲ့ကြကြောင်း အမျိုးသားလွှတ်တော် ပြန်ကြားရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထရန်တန်ဆန်းသည် ဗီယက်နမ်နိုင်ငံ၏ နဝမမြောက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးသောသမ္မတမှာ နိုင်ငံထူထောင်သူ ဟိုချီမင်းဖြစ်သည်။

ထရန်တန်ဆန်းသည် အာဏာရကွန်မြူနစ်ပါတီ၏ ဒုတိယရာထူးအမြင့်ဆုံးခေါင်းဆောင်တစ်ဦးအဖြစ် ၂၀၀၆ ခုနှစ်မှစ၍ တာဝန်ယူဆောင်ရွက်လာခဲ့သည်။

ထရန်တန်ဆန်းသည် ဗီယက်နမ်နိုင်ငံ တောင်ပိုင်းသားတစ်ဦးဖြစ်ပြီး ဟိုချီမင်းစီးတီး၏ မြို့တော်ဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဗီယက်နမ်အမျိုးသားလွှတ်တော်သည် လက်ရှိဝန်ကြီးချုပ် ငုယင်တန်ဇွန်းအား ဒုတိယရာထူးသက်တမ်းအတွက် ထပ်မံရွေးချယ်တင်မြှောက်ခဲ့သည်။

အသက် ၆၂ နှစ်ရှိ ငုယင်တန်ဇွန်းသည် ၂၀၀၆ ခုနှစ်မှစ၍ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လာခဲ့သည်။ ၎င်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ဥက္ကဋ္ဌလည်းဖြစ်သည်။ **ဆင်ဟွာ။**

လ၏ အမှောင်ဘက်ခြမ်း၌ မီးတောင်ဇုန်တစ်ခုတွေ့ရှိ

နယူးယောက် ဇူလိုင် ၂၆

ကမ္ဘာမြေပေါ်မှ မြင်တွေ့နိုင်စွမ်းမရှိသည့် လ၏ တစ်ဖက်ခြမ်း၌ ရှားပါးထူးခြားသော မီးတောင်သေအမျိုးအစားများ တည်ရှိရာ နယ်မြေတစ်ခုရှိပြီး ယင်းမီးတောင်များကြောင့် လမျက်နှာပြင်အနေအထား ပြောင်းလဲမှုများဖြစ်ခဲ့ရကြောင်း သိပ္ပံသုတေသနသတင်းတစ်ရပ်က ဇူလိုင် ၂၆ ရက်တွင် ဖော်ပြထားသည်။

အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ လလေ့လာရေး အာကာသယာဉ်မှ ပေးပို့သော အချက်အလက်နှင့် ဓာတ်ပုံများအရ လ၏ အမှောင်ဘက်ခြမ်း၌ ဆီလီကွန်ဒြပ်ပေါင်းများ မှုတ်ထုတ်ပေါက်ကွဲခဲ့ဖူးပြီး ယခုငြိမ်သက်သွားပြီဖြစ်သည့် မီးတောင်များ တည်ရှိနေကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

လမျက်နှာပြင်ပေါ်ရှိ မီးတောင်အများစုမှာ ချော်ရည်များ မှုတ်ထုတ်ပေါက်ကွဲတတ်သည့် ချော်မီးတောင်အမျိုးအစားများဖြစ်ပြီး ယခု ဆီလီကွန်ဒြပ်ပေါင်းများ မှုတ်ထုတ်ပေါက်ကွဲတတ်သော မီးတောင်အမျိုးအစား တွေ့ရှိခဲ့ခြင်းသည် လ၏ ထူးခြားသော ဘူမိတည်ဆောက်ပုံကို ဖော်ညွှန်းနေသည်ဟု ဆိုသည်။

နာဆာ၏ လလေ့လာရေး အာကာသယာဉ်မှ ပေးပို့ခဲ့သော အထောက်အထားနှင့် ဓာတ်ပုံများအရ လ၏ အမှောင်ဘက်ခြမ်း၌ ထူးဆန်းသော ပေါင်းခုံး ပုံသဏ္ဌာန်ရှိ မီးတောင်ချော်ကျောက်လွှာများတည်ရှိနေပြီး ယင်းကျောက်လွှာများ၌ ဆီလီကွန်ဒြပ်ပေါင်းများ ကြွယ်ဝများပြားကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။

ယခင် တွေ့ရှိခဲ့ပြီးဖြစ်သော ချော်မီးတောင်များ၏ ချော်ကျောက်လွှာများမှာ လွန်ခဲ့သည့် နှစ်သန်း ၁၀၀၀ ခန့်တွင် ဖြစ်တည်လာခဲ့ပြီး ယခုတွေ့ရှိရသော ဆီလီကွန်ကျောက်လွှာများမှာ လွန်ခဲ့သော သန်း ၈၀၀ ခန့်က ဖြစ်ပေါ်လာခဲ့ဖွယ်ရှိသည်။

ကမ္ဘာနှင့်လအကြား ဆွဲအား အပြန်အလှန်သက်ရောက်မှုသည် လ၏ ဝင်ရိုးပေါ် လည်ပတ်မှုအား အကျိုးသက်ရောက်မှုရှိသောကြောင့် လ၏တစ်ဖက်ခြမ်းကိုသာ ကမ္ဘာပေါ်မှ မြင်နိုင်စွမ်းရှိသည်။ **အင်တာနက်။**

ချီယောက်လုံအမည်ရှိ တရုတ်ရေအောက်ဆင်းယာဉ် ရေအောက်အနက် မီတာ ၅၀၀၀ ကျော်အထိ ငုပ်ဆင်း

ပေကျင်း ဇူလိုင် ၂၆

တရုတ်နိုင်ငံ၏ လူလိုက်ပါသော ချီယောက်လုံ(ရေနဂါး)အမည်ရှိ ရေအောက်ဆင်းယာဉ်သည် ဇူလိုင် ၂၆ ရက်က ပစိဖိတ်သမုဒ္ဒရာ ရေပြင်အောက် မီတာ ၅၀၀၀ ကျော်အနက်သို့ အောင်မြင်စွာ စမ်းသပ်ငုပ်ဆင်းနိုင်ခဲ့ရာ ၂၀၁၂ ခုနှစ်၌ ယင်းရေအောက်ဆင်းယာဉ်ကို ရေအောက်အနက် မီတာ ၇၀၀၀ အထိ ငုပ်ဆင်းစေရန် တရုတ်သိပ္ပံပညာရှင်များက မျှော်မှန်းလျက်ရှိကြောင်းသိရသည်။

ပစိဖိတ်သမုဒ္ဒရာ နိုင်ငံတကာ ရေပြင်ပိုင်နက်အတွင်း အင်္ဂါနေ့စောစောပိုင်းက လုပ်ဆောင်ခဲ့သော စမ်းသပ်ငုပ်ဆင်းမှုတွင် ချီယောက်လုံရေအောက်ဆင်းယာဉ်သည် ရေအနက် ၅၀၅၇ မီတာ (၁၆၅၉၀ ပေ)အထိ ရောက်ရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ချီယောက်လုံရေအောက်ဆင်းယာဉ်ပေါ်တွင် လူသုံးဦး လိုက်ပါသွားခဲ့ပြီး ရေအောက် မီတာ ၅၀၀၀ ကျော်အထိ ရောက်ရှိရန် သုံးနာရီထက်မနည်း အချိန်ယူ၍ ငုပ်ဆင်းခဲ့ရကြောင်း သိရသည်။

မီတာ ၅၀၀၀ ကျော်အထိ ငုပ်ဆင်းနိုင်သော ရေအောက်ဆင်းယာဉ်သည် ကမ္ဘာပေါ်ရှိ ပင်လယ်ရေအောက်ကြမ်းပြင်အကျယ်အဝန်းစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်ကို ဆင်းသက်လေ့လာနိုင်စွမ်းရှိမည်ဖြစ်သည်။ ဒဏ္ဍာရီလာ ရေနဂါး သတ္တဝါ၏ အမည်အား အစွဲပြုမှည့်ခေါ်ထားသော ချီယောက်လုံ ရေငုပ်ဆင်းယာဉ်ကို ရေအောက် အနက်မီတာ ၇၀၀၀ အထိ ငုပ်ဆင်းနိုင်ရန် ပုံစံထုတ်တည်ဆောက်ထားသည်။

လွန်ခဲ့သောနှစ်က တရုတ်နိုင်ငံသည် ချီယောက်လုံ ရေအောက် ဆင်းယာဉ်ကို အသုံးပြု၍ တောင်တရုတ်ပင်လယ် ပင်လယ် ကြမ်းပြင်၌ နိုင်ငံတော်အလံအား စိုက်ထူခဲ့ဖူးရာ ဒေသတွင်း နိုင်ငံများ လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရသည်။ **အင်တာနက်။**

စမ်းသပ်ငုပ်ဆင်းမှုပြုလုပ်ရန် ပစိဖိတ်သမုဒ္ဒရာ နိုင်ငံတကာ ရေပြင်၌ ပြင်ဆင်မှုပြုလုပ်နေသော ချီယောက်လုံရေအောက် ဆင်းယာဉ်။

မော်ရိုကိုတွင် စစ်ဘက်လေယာဉ်ပျက်ကျ ၇၈ ဦးသေဆုံး

ရာဘတ်(မော်ရိုကို) ဇူလိုင် ၂၆

ရာသီဥတုအလွန်ဆိုးရွားသဖြင့် စစ်ဘက်သယ်ယူပို့ဆောင်ရေး စီ-၁၃၀ လေယာဉ်တစ်စင်းသည် မော်ရိုကိုတောင်တန်းများပေါ်သို့ ပျက်ကျခဲ့ရာ ၇၈ ဦးသေဆုံး၍ သုံးဦးအသက်ရှင်ကြောင်း နိုင်ငံပိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းလေယာဉ်သည် ဆာဟာရအနောက်ပိုင်းအနီး တောင်ပိုင်းဒေသတွင် အင်္ဂါနေ့နံနက် ဒေသစံတော်ချိန် နံနက် ၉နာရီခန့်က ပျက်ကျခဲ့ခြင်းဖြစ်၍ ယခုနှစ်များအတွင်း အသေအပျောက် အများဆုံးဖြစ်ရပ်ဖြစ်သည်။

၇၈ ဦးသေဆုံးသည်ဟု စစ်ဘက်က ယုံကြည်ထားကြောင်း၊ အလောင်းများကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း ပြန်ကြားရေးဝန်ကြီး ခါလက်နာစီရီက အေပီသတင်းဌာနသို့ ပြောကြားသည်။

အသက်ရှင်သူ သုံးဦးမှာ စိုးရိမ်ဖွယ်ရာဒဏ်ရာများ ရရှိထားသည်ဟု နိုင်ငံပိုင် အမ်အေပီသတင်းဌာနက ပြောသည်။

လိုက်ပါလာ

လေယာဉ်တွင် စစ်ဘက်ဝန်ထမ်း ၆၀၊ အရပ်သား ၁၂ဦးနှင့် လေယာဉ်အမှုထမ်း ကိုးဦးလိုက်ပါလာခဲ့ခြင်းဖြစ်သည်။

တော်ဝင်လက်နက်ကိုင်တပ်ဖွဲ့၏ ကြေညာချက်ကို ကိုးကား၍ ယခုအချိန်အထိ ၄၂ဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိထားကြောင်း၊ စစ်ဘက်က အဘယ်ကြောင့် ၇၈ ဦးသေဆုံးသည်ဟု ဆိုသည်ကို ချက်ချင်းရှင်းလင်းစွာ မသိရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

လေယာဉ်သည် အနောက်ဆာဟာရရှိ ဒက္ကလာမြို့မှ မော်ရိုကိုမြောက်ပိုင်း ကီနီထရာသို့ ပျံသန်းခြင်းဖြစ်၍ ဂွီလ်မင်တွင် ခေတ္တရပ်နားမည်ဖြစ်သည်ဟု နာစီရီက ပြောသည်။ **အေပီ။**

အာဖရိကဦးချိုဒေသသို့ လေကြောင်းဖြင့် စားနပ်ရိက္ခာပေးပို့မှု ကုလသမဂ္ဂစတင်

နိုင်ရိုဘီ ဇူလိုင် ၂၆

အာဖရိက ဦးချိုဒေသ မိုးခေါင်ရေရှား ကပ်ဘေးပြဿနာကို ဖြေရှင်းရန် အီတလီနိုင်ငံ ရောမမြို့၌ အရေးပေါ်အစည်းအဝေး ကျင်းပခဲ့ပြီးနောက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (အက်ဖ်အေအို)သည် ဇူလိုင် ၂၄ ရက်မှစ၍ ဆိုမာလီယာ၊ အီသီယိုးပီးယားနှင့် ကင်ညာနိုင်ငံများသို့ လေကြောင်းမှတစ်ဆင့် စားနပ်ရိက္ခာများ ချပေးနေပြီဖြစ်သည်။

ဆိုမာလီယာနိုင်ငံ လူဦးရေ၏ သုံးပုံတစ်ပုံမျှဖြစ်သော ပြည်သူ ၃ ဒသမ ၇ သန်းတို့သည် အငတ်ဘေးဆိုက်ရောက်မည့် အခြေအနေသို့ ရောက်ရှိနေပြီး ဂျီဘူတီ၊ အီသီယိုးပီးယား၊ ကင်ညာနှင့် ယူဂန္ဒာနိုင်ငံတို့ရှိ ပြည်သူ သန်းပေါင်းများစွာတို့မှာလည်း နှစ် ၆၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှား ကပ်ဘေးနှင့် ရင်ဆိုင်နေကြရသည်။

မိုးခေါင်ရေရှားကပ်ဘေးကြောင့် ပြီးခဲ့သော လများအတွင်း ဆိုမာလီနိုင်ငံသား ထောင်ပေါင်းများစွာ သေဆုံးခဲ့ရပြီး ကပ်ဘေး အဆိုးရွားဆုံး ကျရောက်ခဲ့ရာဒေသများမှ အသက်ရှင်ကျန်ရစ်သူ ပြည်သူများမှာလည်း စားနပ်ရိက္ခာနှင့် ရေရရှိနိုင်မည့် နေရာများသို့ ခြေကျင်သွားရောက်ခဲ့ရကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားသည်။

အငတ်ဘေးဆိုက်ရောက်နေပြီဖြစ်သော ဆိုမာလီယာ တောင်ပိုင်းဒေသများသို့ အကူအညီများ ရောက်ရှိရေးအတွက် အဓိက အတားအဆီးမှာ အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သော အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စုဖြစ်ပြီး အငတ်ဘေး ကျရောက်ရာနယ်မြေများအတွင်း နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီများ ဝင်ရောက်ခွင့်ကို ယင်းအုပ်စုက တားမြစ်ထားသည်။ **အင်တာနက်။**

ကူညီထောက်ပံ့မည့်သူများအား မျှော်လင့်နေရသော ဆိုမာလီယာကလေးတစ်ဦး။

ဘာလီကျွန်း ဗုံးခွဲတိုက်ခိုက်မှု စီစဉ်ညွှန်ကြားခဲ့သူ ပါကစ္စတန်က အင်ဒိုနီးရှားသို့ လွှဲပြောင်းပေးမည်

ဂျကာတာ ဇူလိုင် ၂၆

၂၀၀၂ ခုနှစ် ဘာလီကျွန်းဗုံးပေါက်ကွဲမှု၌ စီစဉ်ညွှန်ကြားခဲ့သူအဖြစ် စွပ်စွဲခံထားရသူတစ်ဦးကို ပါကစ္စတန်နိုင်ငံက အင်ဒိုနီးရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား အကြမ်းဖက်မှုတိုက်ဖျက်ရေး အထက်တန်းတာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၅ ရက်တွင် ပြောကြားသည်။လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့ရသော ဘာလီကျွန်း ဗုံးခွဲတိုက်ခိုက်မှုကို စီစဉ်ညွှန်ကြားခဲ့သူအဖြစ် မသင်္ကာရသူ အူမာပါတက်ကို ပါကစ္စတန်နိုင်ငံ၌ မတ်လကဖမ်းဆီးရမိခဲ့သည်။

အူမာပါတက်ကို အင်ဒိုနီးရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ဇူလိုင်လအစောပိုင်းတွင် အကြောင်းကြားခဲ့သည်ဟု အင်ဒိုနီးရှား အကြမ်းဖက်မှုတိုက်ဖျက်ရေးအေဂျင်စီ ဒုတိယအကြီးအကဲ ကာနာဒီယန်က ပြောကြားသည်။

အူမာပါတက်ကို လွှဲပြောင်းပေးအပ်ရေးကိစ္စနှင့် စပ်လျဉ်း၍ အင်ဒိုနီးရှား နိုင်ငံခြားရေးနှင့် တရားရေးဝန်ကြီးဌာနတို့က စီစဉ်လျက်ရှိကြောင်း ကာနာဒီယန်က ပြောကြားသည်။အင်ဒိုနီးရှား အကြမ်းဖက်မှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့သည် အူမာပါတက်ကို ဖမ်းဆီးရမိနိုင်ရန် နှစ်ပေါင်းအတန်ကြာမျှ ကြိုးပမ်းခဲ့ရသည်။ **ဆင်ဟွာ။**

သီးနှံအလိုက် စိုက်ဧကနှင့် တစ်ဧကအထွက်နှုန်းများ စနစ်တကျ ကောက်ယူ အခြေခံကိန်းဂဏန်းများမှန်ကန်မှ နိုင်ငံတော်၏ ဝမ်းစာဖူလုံရေး တွက်ချက်စီမံနိုင်မည်

နေပြည်တော် ဇူလိုင် ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ကျင်းပသော ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနရုံးချုပ်မှ အရာထမ်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၏ လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်ငင်းလုပ်ငန်း၊ ရေတိုရေရှည်လုပ်ငန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သီးနှံအလိုက် လက်ရှိစိုက်ဧကနှင့် တစ်ဧကအထွက်နှုန်း ကိန်းဂဏန်းအချက်အလက်များ စနစ်တကျ ကောက်ယူရေးသည် အဓိက လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အခြေခံကိန်းဂဏန်းများ မှန်ကန်မှသာလျှင် နိုင်ငံတော်၏ ဝမ်းစာဖူလုံရေးကို တွက်ချက်စီမံ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရာသီဥတု ဖောက်ပြန်မှုအပါအဝင် အရေးပေါ် လိုအပ်ချက်ကို တွက်ချက်နိုင်မည်ဖြစ်၍ ကိန်းဂဏန်းများလွဲမှားနေပါက ပြည်သူလူထု၏ စားနပ်ရိက္ခာ ဖူလုံမှုအပေါ် ကြီးမားသော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သည်ကို အထူးသတိပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါး စိုက်ဧကနှင့် အထွက်နှုန်း မြေပြင်စာရင်း အမှန် ကောက်ယူခဲ့ပြီးဖြစ်၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း မိုးစပါး ထွန်တုံးပိတ်ချိန်ကာလအပြီး ကောက်ယူပြုစု တင်ပြကြရန် ဖြစ်ကြောင်း။

နိုင်ငံတော်က စပါးသီးနှံ စိုက်ပျိုးသည့် တောင်သူလယ်သမားများအား မိုးစပါး တစ်ဧကစိုက်ပျိုးစရိတ်အဖြစ် မူလက ငွေကျပ် ၂၀၀၀၀ ထုတ်ပေးခဲ့ရာမှ ယခုနှစ်တွင် မိုးစပါး တစ်ဧက ငွေကျပ် ၄၀၀၀၀ နှုန်း တိုးမြှင့် ခွင့်ပြုပေးရန်ရှိသည့်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါး စိုက်ပျိုးစရိတ်ငွေများ ထုတ်ပေးရာတွင်လည်း တောင်သူတစ်ဦးချင်း စိုက်ဧက မှန်ကန်ရေးသည် အထူးအရေးကြီးကြောင်း။

မြေယာဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်သူများ အနေဖြင့် အကျိုးခံစားခွင့်ရရှိကြသည့်နည်းတူ ပြည်သူလူထုက အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး နိုင်ငံတော်၏ အခွန်အခများ တိုးတက်ရရှိစေရေးအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် မြေယာလုပ်ပိုင်ခွင့်ချထားမှုနှင့် ဖော်ထုတ်စိုက်ပျိုးသည့် စာရင်းဇယားများ မှန်ကန်စွာ ပြုစုတင်ပြကြရန် အရေးကြီးကြောင်း။

မျိုးကောင်းမျိုးသန့် မျိုးစေ့များ စနစ်တကျ အသုံးပြုစိုက်ပျိုးရေးနှင့် စိုက်စနစ်မှန်ကန်ရေးအတွက် တောင်သူလယ်သမားများအား လေ့ကျင့်ပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ အထွက်ကောင်း မျိုးသန့်စပါးမျိုးစေ့များ စဉ်ဆက်မပြတ် ထုတ်လုပ်ရေးနှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို တိုးတက်လာသော နည်းပညာများနှင့်အညီ စဉ်ဆက်မပြတ် တီထွင်ကြံဆ လုပ်ကိုင်ဆောင်ရွက်ရေးတို့တွင် ကြေးတိုင်နှင့် မြေစာရင်းဝန်ထမ်းများကလည်း မိမိတို့နယ်မြေဒေသအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်)မှ အရာထမ်းများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူး စုစုပေါင်း ၃၇ ဦးတက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ရုံးချုပ်မှ အရာထမ်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၏ လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အရင်းအနှီးမဲ့သည့် လက်လုပ်လက်စားများ အရင်းအနှီးများရရှိရန် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ထူထောင်

နေပြည်တော် ဇူလိုင် ၂၆

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် အတွင်းရှိ မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးတို့က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ အချက်အလက်များ စီစဉ်ဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် မြို့နယ် ၁၃ မြို့နယ်မှ ကျေးလက်ဒေသရှိ ပြည်သူလူထုနှင့် ဆင်းရဲနွမ်းပါးသူများအတွက် စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ အခြေခံပညာမူလတန်းအဆင့် လူတိုင်းသင်ယူနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးကြခြင်း ဖြစ်ကြောင်း၊ လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ၎င်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် စီးပွားရေးအားကောင်းသည့် လုပ်ငန်းရှင်များ၊ စိတ်တူကိုယ်တူ ပူးပေါင်းပါဝင် ဆောင်ရွက်လိုသူများက တတ်နိုင်သည့် အရင်းအနှီးများကို ထည့်ဝင်ပြီး အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ထူထောင်ရန် လိုအပ်ကြောင်း၊ အရင်းအနှီးငွေကြေး လိုအပ်နေသည့် ကျေးလက်ဒေသနေ တောင်သူလယ်သမားများအနေဖြင့် သင့်လျော်သည့် လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် သင့်လျော်သော အရင်းအနှီးများကို ထုတ်ချေးသွားရန် ဖြစ်ကြောင်း၊ အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများကို ထူထောင်ခြင်းနှင့် အရင်းအနှီးများ ထုတ်ချေးခြင်းတို့ကို စနစ်တကျ ပြုလုပ်သွားရန် ဖြစ်ကြောင်း၊ ငွေစုငွေချေး လုပ်ငန်းတွင် ပါဝင်လိုသူများ၊ ငွေချေးပေးရမည့်သူများနှင့် လိုအပ်သည့် ငွေပမာဏတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်၊ ရပ်ကွက်၊ ကျေးရွာအလိုက် မြန်မြန်ဆန်ဆန် ကွင်းဆင်းစိစစ်ဆောင်ရွက်သွားရန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ဌာနဆိုင်ရာ တာဝန်ခံများနှင့် ပူးပေါင်းလျက် လက်တွေ့ကျကျ စိစစ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးနှင့် သန်လျင်၊ ကျောက်တန်း၊ သုံးခွနှင့် ခရမ်းမြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်များ စိစစ်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အရင်းအနှီးမဲ့သည့် လက်လုပ်လက်စားများ အရင်းအနှီးများရရှိရန် သက်ဆိုင်ရာမြို့ပေါ်နေ လုပ်ငန်းရှင်များ၊ စီးပွားရေးအားကောင်းသူများက အရင်းအနှီးများ ထည့်ဝင်မတည်ပြီး ဝါသနာပါသူ၊ စိတ်တူကိုယ်တူရှိသူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများကို မြို့နယ်၊ ရပ်ကွက် အုပ်စုအလိုက် ထူထောင်ရန် ရှင်းလင်းပြောကြားသည်။ (သတင်းစဉ်)

ရောဝတီတံတား(မကွေး) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၂၆

ဧရာဝတီတံတား(မကွေး) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁)နှင့် (၂)အကြားမှ လည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိပြီဖြစ်၍ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၂၇ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၅)နှင့် (၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၄)နှင့် (၅) အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာအမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ရေလမ်းတွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေ ပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ လျှပ်တစ်ပြက်
၄း၃၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၆။ ဇာတ်လမ်းတို
၄း၄၅ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀ ၈။ ရှေးဟောင်းသုတ
၅း၀၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၈၅)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ **Mail Box**
၆း၃၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၄၂)
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၄၆)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ရောဂါ (ကောင်းပြည့်၊ မျိုးမျိုးခိုင်၊ ခင်လှိုင်၊ ဒိန်းဒေါင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၃၇)**
၂၅။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ဆေးပညာသတင်းဆန်းများ(၁၆)

ဒေါက်တာကံညွန့်

ဒီတစ်ပတ် ဆေးပညာသတင်းဆန်းများ တင်ဆက်ရာမှာ အံ့သြတုန်လှုပ်စရာ သတင်းတစ်ပုဒ်နဲ့ စကြရအောင်ပါ။ အမေရိကန်နိုင်ငံ Los Angeles မြို့ကလာတဲ့ သတင်းတစ်ပုဒ်ပါ။ University of California San Francisco(UCSF)ရဲ့ Centre for Disease Control and Prevention က ဆေးပညာရှင်တစ်စုဟာ ပုံမှန်လာပြနေတဲ့ ကိုယ်ဝန်ဆောင်မိခင်ပေါင်း ၂၆၈ ဦးရဲ့ သွေးကို စစ်ဆေးကြည့်လိုက်တဲ့အခါ ၎င်းတို့ရဲ့ သွေးမှာ အန္တရာယ်ဖြစ်စေနိုင်တဲ့ ဓာတ်သတ္တုရှစ်မျိုး ပါဝင်နေတာကို တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ၎င်းဓာတ်သတ္တုတွေဟာ ယခုတွေ့ရှိရတဲ့ အခြေအနေမှာတော့ အန္တရာယ်မဖြစ်နိုင်သေးပေမယ့် ဒီထက်ပိုများလာရင်တော့ အန္တရာယ်ဖြစ်လိမ့်မယ်လို့ ဆိုပါတယ်။ တချို့ဓာတ်သတ္တုတွေဟာ Rocket လောင်စာတွေမှာ အသုံးပြုတဲ့ ဓာတ်ငွေ့တွေလည်း ပါတယ်လို့ သိရပါတယ်။

တခြား Chemical တွေကတော့ ပိုးသတ်ဆေး၊ ကားအင်ဂျင်ကထွက်တဲ့ဓာတ်ငွေ့၊ PCBs, PFCs လို့ခေါ်တဲ့ Toxic Industrial Chemical တွေနဲ့ ပလတ်စတစ်လောင်စာမှာ အသုံးပြုတဲ့ Phthalates လို့ခေါ်တဲ့ Chemical တွေလို့ သိရပါတယ်။

ဒီ Chemical တွေဟာ မိခင်ရဲ့ ချက်ကြော Placenta ကတစ်ဆင့် သန္ဓေသားကို ဒုက္ခပေးနိုင်တာမို့ ဒါဟာ အထူးအရေးကြီးတဲ့ကိစ္စရပ်တစ်ခုအဖြစ် အမေရိကန်ကွန်ဂရက်အထိ တင်ပြသွားမှာဖြစ်တယ်လို့ ဒီတွေ့ရှိချက်မှာ ဦးဆောင်ပါဝင်ခဲ့သူ Miss Tracey Woodruff Director of UCSF Programme or Reproductive Health and Environment က ပြောကြားသွားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်သတင်းတစ်ပုဒ်ကလည်း အမေရိကန်နိုင်ငံကလာတဲ့ သတင်းပါပဲ။ အမေရိကန်နိုင်ငံမှာ Fluoride ဟာ သွားရောဂါအတွက် အရေးကြီးကြောင်း သိရှိခဲ့ရတဲ့ လွန်ခဲ့တဲ့နှစ် (၅၀)ခန့်ကပဲ အမေရိကန်အစိုးရ ကျန်းမာရေးဌာနက ပြည်သူလူထုသောက်သုံးရေထဲမှာ Fluoride ဆေးထည့်သုံးဖို့ ခွင့်ပြုခဲ့ပါတယ်။ ဒီလိုခွင့်ပြုလိုက်တဲ့အတွက် အမေရိကန်နိုင်ငံက (၁၀)နှစ်အရွယ်လေးတွေမှာ အလွန်အဖြစ်များခဲ့တဲ့ သွားရောဂါဟာ ၉၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါတယ်။

ဒါပေမယ့်လည်း အခုအခါမှာတော့ ဒီ Fluoride ဓာတ်ကို သောက်သုံးရေ၊ သွားတိုက်ဆေး၊ ပါးစပ်ငုံဆေး၊ တချို့ ဆိုဒါရေစတဲ့ ရေတွေမှာပါ ထည့်သွင်းအသုံးပြုလာကြတာကြောင့် Fluoride များပြီး Splotchy Teeth ဆိုတဲ့ သွားမှာ မညီညာတဲ့အစွန်းအကွက်တွေ ပေါ်လာရတယ်လို့ US Department of Health and Human Service က ထောက်ပြထားပါတယ်။ ဒါကြောင့် Fluoride ကို အသုံးမများဖို့ အထူးသဖြင့် ကလေးတွေမှာ လိုသည်ထက် ပိုမသုံးမိအောင် သတိထားကြဖို့ နှိုးဆော်ထားကြောင်း တင်ပြလိုက်ပါတယ်။

နောက်သတင်းတစ်ပုဒ်ကလည်း အင်မတန်ထူးဆန်းတဲ့ သတင်းပါ။ မိန်းမတွေ သောက်သုံးနေတဲ့ ပဋိသန္ဓေတားဆေးအမျိုးမျိုးဟာ အမျိုးသမီးတွေမှာ ဖြစ်တတ်တဲ့ Ovarian Cancer ခေါ်တဲ့ သားဥကင်ဆာရောဂါကို ကာကွယ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒါဟာ အထူးအဆန်းမဟုတ်လှပေမယ့် ပဋိသန္ဓေတားဖို့ ခင်ပွန်းဖြစ်သူမှာ Visectony ခေါ်တဲ့ သားကြောဖြတ်ထားခြင်းဟာလည်း ကိုယ့်ဇနီးရဲ့ Ovarian Cancer ဖြစ်မှုကို ကာကွယ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒါကတော့ အတော်ကို ထူးဆန်းနေပါတယ်။ ဒီတွေ့ရှိချက်ကို University of Texus, School of Public Health က Dr. Roberta Ness က လေ့လာတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ပဋိသန္ဓေတားနည်းအမျိုးမျိုးဖြစ်တဲ့ စားဆေး၊ သားဥလမ်းကြောင်းကို ကြိုးချည်နည်း(Tubal Ligation)၊ သားအိမ်ထဲကို ငွေလေထည့်ထားခြင်း (Intrauterive Device)၊ သားအိမ်ထိပ်ဝမှ အကာအကွယ်ထားခြင်း(Diaphragm)အပါအဝင် ခင်ပွန်းဖြစ်သူမှာ သားကြောဖြတ်ထားခြင်းတို့က အမျိုးသမီးမှာ Ovarian Cancer ဖြစ်ခြင်းက ၄၀ ရာခိုင်နှုန်းကနေ ၆၅ ရာခိုင်နှုန်းထိ ကာကွယ်နိုင်ကြောင်း သိရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆီးကျိတ်ကင်ဆာမှာ အသုံးပြုရတဲ့ ဆေးတစ်မျိုးဟာ မျက်စိအတွင်းတိမ်ရောဂါကို လျင်မြန်စွာ ဖြစ်ပွားစေတယ်ဆိုတဲ့သတင်းပါ။

အသက်အရွယ်ကြီးတဲ့ ယောကျ်ားတွေမှာ ဖြစ်တတ်တဲ့ Prostate Cancer ခေါ်တဲ့ ဆီးကျိတ်ကင်ဆာရောဂါမှာ ADT လို့ခေါ်တဲ့ Androgen Deprivation Therapy ခေါ်တဲ့ ကုသနည်းကို အသုံးပြုပြီး ယောကျ်ားဟော်မုန်းဖြစ်တဲ့ Testosterone ဟော်မုန်းကို အားပျော့အောင် ပေးခဲ့ကြတယ်။ Testosterone ဟာ Prostate Cancer ကို ပိုအဖြစ်မြန်စေတာကြောင့် ဖြစ်တယ်။

အဲဒီ ADT ကုထုံးမှာ အသုံးပြုကြတဲ့ အများသုံးဆေးတွေကတော့ Lupron, Zoladerx,Trelstor နှင့် Eligand စတဲ့ ဆေးတွေဖြစ်ပါတယ်။ ဒီဆေးတွေဟာ ဆီးချိုရောဂါနဲ့ အဝလွန်ရောဂါအပြင် နှလုံးရောဂါတွေကိုပါ ဖြစ်စေနိုင်ပါတယ်။

ဒါကြောင့် ဒီဆေးတွေကို သတိထားပြီး အသုံးပြုဖို့ US Food and Drug Administration ဌာနကလည်း လွန်ခဲ့တဲ့နှစ် အောက်တိုဘာကပဲ သတိပေးထားခဲ့ပြီးဖြစ်ပါတယ်။

အခု ဒီဆေးတွေသုံးတဲ့အခါ အတွင်းတိမ်အဖြစ်မြန်တာကိုပါ တွေ့ရှိရတယ်ဆိုတာကတော့ အမေရိကန်နိုင်ငံ Michigan မှာရှိတဲ့ Cancer Institute of Detroit က ဆေးပညာရှင်တစ်စုရဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ သူတို့ဟာ အမေရိကန်တစ်ဝန်းလုံးက ဆီးကျိတ်ကင်ဆာရောဂါရှင်ပေါင်း ၆၆၀၀၀ ကို လေ့လာသုတေသနပြုပြီးမှ ဒီတွေ့ရှိချက် ပေါ်ထွက်ခဲ့တာ ဖြစ်ပါတယ်။ သူတို့အဆိုအရ ဒီဝေဒနာရှင် ၁၀၀၀ မှာ Cataract ဝေဒနာရှင် ၁၁၁ ဦးစီ နှစ်စဉ်တွေ့ရှိနေရတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ဆီးကျိတ်ကင်ဆာဝေဒနာရှင်တွေကို ဒီ ADT ကုထုံးနဲ့ ကုသမှုခံယူနေရရင် မျက်စိအခြေအနေကိုပါ စောင့်ကြည့်ကြဖို့ တင်ပြလိုက်ရပါတယ်။

ဒါနဲ့ တစ်ဆက်တည်း တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ မျက်စိအတွင်းတိမ်ရောဂါဟာ အသီးအနှံနဲ့ ဟင်းသီးဟင်းရွက် စားသုံးသူတွေထက် အသားများများစားသုံးသူတွေမှာ ပိုဖြစ်နိုင်တယ်ဆိုတဲ့ သတင်းပါပဲ။ ဒါကို အင်္ဂလန်နိုင်ငံ Oxford တက္ကသိုလ်က ဆေးပညာရှင်တစ်စုက လေ့လာတွေ့ရှိခဲ့တာလို့ သိရပါတယ်။ ၎င်းတို့အဆိုအရ လူပေါင်းမြောက်မြားစွာကို ၁၅ နှစ်ကြာ သုတေသနပြုချက်အရ အသားစားသူ လူ ၅၀ မှာ သုံးယောက်က အတွင်းတိမ်ဖြစ်တာကို တွေ့ရပြီး သက်သတ်လွတ်စားသူ ၅၀ မှာ နှစ်ယောက်လောက်သာ အတွင်းတိမ်ဖြစ်နိုင်တာ တွေ့ရတယ်လို့ ဆိုပါတယ်။ ယင်းသက်သတ်လွတ်စားသူတို့မှာ အတွင်းတိမ်ရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိ လျော့နည်းနိုင်တယ်လို့ သိရပါတယ်။

ယခုနောက်ဆုံးဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ခေါင်းတုန်လက်တုန်ဖြစ်နေတဲ့ သက်ကြီးရွယ်အိုတွေကို တွေ့ဖူးကြပါလိမ့်မယ်။ သူတို့ဟာ Parkinson ဆိုတဲ့ ရောဂါကို ခံစားနေကြရတာပါ။ သူတို့ဟာ ဦးနှောက် Cell တွေက ပုံမှန်ထုတ်ပေးနေကျ Dopamine ဆိုတဲ့ Chemical Messanger ဓာတ်ကို မထုတ်ပေးနိုင်တော့လို့ ယခုလို ရောဂါခံစားနေရတာပါ။ အဲဒီ Dopamine ဓာတ်ဟာ ဦးနှောက် Cells တွေကြားမှာ ကိုယ်လက်လှုပ်ရှားမှုကို ညီညွတ်အောင် လုပ်ပေးနေတဲ့ဓာတ်ပါ။

အဲဒီဝေဒနာရှင်တွေရဲ့ ကုထုံးကို ရှာဖွေသုတေသနပြုခဲ့ကြတဲ့ ဆေးသိပ္ပံပညာရှင်တွေရဲ့ လုပ်ရပ်ကလည်း အံ့သြစရာပါ။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ Yale တက္ကသိုလ်က ဆေးသိပ္ပံပညာရှင်တွေက လေ့လာ သုတေသနပြုခဲ့ကြတယ်လို့ သိရပါတယ်။ အမျိုးသမီးတွေရဲ့ သားအိမ်အတွင်းပိုင်းမှာရှိတဲ့ Endometrium ဆိုတဲ့နေရာက Stem Cellကိုယူပြီး ဦးနှောက်ထဲထိုးထည့်လိုက်ရင် ဒီ Dopamine ထွက်နိုင်တဲ့ Cells တွေ ပြန်လည်ရှင်သန်ပြီး ဒီရောဂါပါ လုံးဝပျောက်ကင်းသွားနိုင်တယ်ဆိုတဲ့ သတင်းပါပဲ။ ဒီစမ်းသပ်မှုဟာ ကြွက်တွေမှာ လုံးဝအောင်မြင်ခဲ့ပြီး ဖြစ်ပြီး လူတွေမှာ စတင်စမ်းသပ်နေပြီလို့ သိရပါတယ်။ မကြာခင်အတွင်း ကုထုံးအဖြစ် ပေါ်ထွက်လာတော့မယ်ဆိုတာ တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ရာတွင် ဝန်ထမ်းများဖြင့်သာ တိုက်ရိုက်ထိတွေ့ဆက်ဆံ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇူလိုင် ၂၄ ရက် နံနက် ၉နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံ၍ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြရေးနှင့် အခြားဆက်စပ်ဌာနများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရေး မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းဝင်း၌ ဒေသခံပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းဖြေကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အိမ်ထောင်စု လူဦးရေစာရင်း၌ ပြောင်းဝင်/ပြောင်းထွက်ခြင်း၊ မွေးဖွား၍ လူဦးရေတိုးခြင်း၊ သေဆုံး၍ လူဦးရေလျော့ခြင်း၊ အိမ်ထောင်စုတစ်ခုမှ ခွဲထွက်ခြင်းတို့အတွက် ဖြေလျော့ဆောင်ရွက်ပေးနေမှု၊ မဖြစ်မနေ ယူဆောင်လာရမည့် အထောက်အထားများနှင့် ယင်းစာရွက်စာတမ်းများ ပြည့်စုံစွာပါရှိပါက နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးမည့် အစီအမံများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်မှုအတွက် ဖြေလျော့ပေးမှုနှင့် ဆောင်ရွက်ပေးမည့် အစီအမံများ၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိဝန်ထမ်းများဖြင့်သာ တိုက်ရိုက်ထိတွေ့ ဆက်ဆံဆောင်ရွက်ကြရေးနှင့် လုပ်ငန်းများ ထိရောက်မှန်ကန်မြန်ဆန်စေရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက မရှင်းလင်းသည့်အချက်များ၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ (သတင်းစဉ်)

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၆

ချင်းတွင်းမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ မော်လိုက်မြို့တွင် ၁၂၆၆ စင်တီမီတာနှင့် ကလေးဝမြို့တွင် ၁၅၇၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၆ စင်တီမီတာ (၁ ဒသမ ၂ပေခန့်)နှင့် ၂၈ စင်တီမီတာ (တစ်ပေခန့်) အသီးသီးကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်များဖြစ်သော ၁၂၃၀ စင်တီမီတာ နှင့် ၁၅၅၀ စင်တီမီတာ အသီးသီး အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဇူလိုင် ၂၇ ရက်အတွက် မိုးလေဝသခန့်မှန်းချက်

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန် ရာနှုန်း
၁	ကချင်ပြည်နယ်	၃၅	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၂	ကယားပြည်နယ်	၃၁	၂၀	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၃	ကရင်ပြည်နယ်	၃၅	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၃	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၃	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၈	၂၇	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၁	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၆	၂၇	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၁	မွန်ပြည်နယ်	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၃	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၃	၂၃	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၈	၂၀	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၄	၂၀	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၃	၂၂	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၆	၂၄	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၃	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%

မြန်မာ့ပင်လယ်ပြင်အခြေအနေ	လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

တာဝန်ယူဆောင်ရွက်သည့်အလုပ်ကို စေတနာထားပြီး လုပ်ကိုင်ဆောင်ရွက် အုပ်ချုပ်ရေးစနစ်ကောင်းမွန်ရေးနှင့် လာဘ်ပေးလာဘ်ယူကင်းစင်ရေး အလေးထားလိုက်နာ

ရန်ကုန် ဇူလိုင် ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံးမှ ဝန်ထမ်းများ၊ အထူးအဖွဲ့များ၊ ခရိုင်အဖွဲ့များ၊ မြို့နယ်အဖွဲ့များမှ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားများ၊ စက်ယာဉ်ယန္တရားများ အခြေအနေနှင့် လမ်းများ ပျက်စီးမှုမရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ တာဝန်ယူဆောင်ရွက်သည့် အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် အလုပ်ကို စေတနာထားပြီး လုပ်ကိုင်ဆောင်ရွက်ရန်နှင့် အုပ်ချုပ်ရေးစနစ်ကောင်းမွန်စေရေးနှင့် လာဘ်ပေးလာဘ်ယူ ကင်းစင်ရေးတို့ကို အလေးထားလိုက်နာသွားကြရန် ရှင်းလင်းမှာကြားသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရန်ကုန်တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံးမှ ဝန်ထမ်းများ၊ အထူးအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အဖွဲ့များမှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Jose Carlos da Fonseca Junior လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာများ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Jose Carlos da Fonseca Juniorသည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ ချင်းတွင်းမြစ်ရေအခြေအနေ ကြည့်ရှု သဘာဝဘေး စီမံခန့်ခွဲမှုသင်တန်း(၆/၂၀၁၁) ဖွင့်ပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ချင်းတွင်းမြစ် တာရိုးတစ်လျှောက် မြစ်ရေစီးဆင်းမှု၊ ရေကင်းများစနစ်တကျချထားမှု၊ မုံရွာ-အမြင့် ကျေးလက်လမ်းတစ်လျှောက်ရှိ ကျေးရွာများ ချင်းတွင်းမြစ်ရေ ဝင်ရောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော သဘာဝဘေး စီမံခန့်ခွဲမှုသင်တန်း(၆/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးထွေးက အမှာစကားပြောကြားပြီး နာဂစ်မုန်တိုင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး မှတ်တမ်း ဗီဒီယိုခွေကိုပြသကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်ရက် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး မုံရွာမြို့ ချင်းတွင်းမြစ် တာရိုးတစ်လျှောက် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၅ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ "ငါးရစ်မျိုးငါး တို့မစား"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ "ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ"
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၆။ သီချင်းကြီးပဒေသာ
၅း၁၀ ၇။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
၅း၂၀ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၃၀ ၉။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၄၅ ၁၃။ ရွှေရင်ခုန်သံ
၇း၁၅ ၁၄။ "(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုပြင်ဆင်မှုများ" (တိုက်ကွမ်ဒို)
၇း၄၅ ၁၅။ အေဝမ်းစိုးမြင့် ဝိုင်းသံစုံတူရိယာ ဖျော်ဖြေခန်း
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ"
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၇၉)**
၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း "လွန့်လွန်လွန်း"** (မိုးအောင်ရင်၊ နန်းစုရတီစိုး) (ဒါရိုက်တာ-ညီညီထွန်းလွင်)
၂၂။ အစီအစဉ်ပြီး၏။

ရောဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၂၆

ရောဝတီမြစ်ကူး အနော်ရထာတံတား (ချောက်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများသောကာလသို့ ရောက်ရှိပြီဖြစ်၍ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၂၇ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၅)နှင့် (၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိ၍ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ရေလမ်းတွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်းပြသထားမည်။

ပြောင်းလဲမည့်ရေလမ်းမှာ တံတား၏အထက်ဘက်ရှိ ယောချောင်းနှင့် နီးကပ်စွာ ဖြတ်သန်းရမည်ဖြစ်၍ယောချောင်း ရေကျချိန်ကို အထူးဂရုပြုရန်လိုအပ်ပြီး ရေယာဉ်များအနေဖြင့် ယောချောင်း ရေကျချိန်တွင် လုံးဝဖြတ်သန်းခြင်းမပြုရန် သတိပေးနှိုးဆော်ထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကျောင်းစိမ်းပုဆိုး၊ ဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ကျောင်းစိမ်းပုဆိုး၊ ဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၈ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၁) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြပြီး အလှူရှင် ဦးကျော်ကျော်ဦး-ဒေါ်သန်းစိန် မိသားစုက ငွေကျပ်သိန်း ၂၀ ကျော် တန်ဖိုးရှိ ကျောင်းစိမ်းပုဆိုး အထည် ၄၀၀၊ ဗလာစာအုပ် ဒါဇင် ၄၀၀နှင့် ခဲတံ ဒါဇင် ၁၀၀ တို့ကို မြို့နယ်ပညာရေးမှူး ဦးလှရီထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

ပြည်သူလူထုအများစု နိုင်ငံတော်၏ ပြည်သူ့ဆေးရုံ၊ ဆေးခန်းများကို အားကိုးအားထားပြုနေရဆဲဖြစ် ဆရာ၊ ဆရာမများအပါအဝင် ကျန်းမာရေးဝန်ထမ်းများအားလုံး နှလုံးလှစေတနာဖြင့် ဆောင်ရွက်ပေး လူနာများကို ကုသမှုတစ်မျိုးတည်းပေးရုံဖြင့် မလုံလောက်တော့ဘဲ ကျန်းမာရေးအသိကိုပါ ဟောပြောပညာပေး

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယမန်နေ့ နံနက် ၁၁ နာရီတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ဓာတ်မှန်ဌာန၊ ကင်ဆာရောဂါကုဌာနရှိ ဓာတ်ရောင်ခြည် ကုသမှုဌာန၊ နှလုံးရောဂါအထူးကုဌာန၊ အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ကုသဆောင်နှင့် ဖျားနာကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဌာနအလိုက် တက်ရောက်ကုသနေသော လူနာဦးရေနှင့် ကုသပေးနေမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ငါးထပ် ဆေးကုသဆောင်သစ်ရှိ ဆေးပညာသင်ကြားရေး ခန်းမဆောင်၌ မန္တလေးမြို့ရှိ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၊ အရိုးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)၊ ကလေးဆေးရုံနှင့် မျက်စိ၊နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံတို့မှ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီးက ဆေးရုံကြီးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်တင်ပြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆေးတက္ကသိုလ်(မန္တလေး)စာသင်ခန်းမ၌ တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးပြီး အမှာစကား ပြောကြားရာတွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၏ လက်ရှိပကတိအခြေအနေကို လေ့လာကြည့်ရှုရန်နှင့် နိုင်ငံတော်၏ ဆောင်ရွက်ပေးနိုင်မှုများကို သိရှိနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသည် နှစ်ပေါင်း ၅၉ နှစ်ခန့် ရှိပြီဖြစ်ပြီး နှစ်များကြာညောင်းလာသော်လည်း ဆေးရုံရှိ ဆရာဝန်၊ ဆရာမများ၏ ကြိုးစားကုသဆောင်ရွက်မှု၊ အဆင့်မြင့် ပြုပြင်ထိန်းသိမ်းမှုတို့ကြောင့် ယခုထက်တိုင် သစ်လွင်သပ်ရပ်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် မန္တလေးမြို့သာမက အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီးများ/ ပြည်နယ်များရှိ ပြည်ထောင်စုတိုင်းရင်းသား အပေါင်းက လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ခန့်မှ စ၍ ယနေ့ထက်တိုင် အားကိုးအားထားပြု ကုသခဲ့ကြပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ယနေ့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နည်းလမ်းနှစ်သွယ်ဖြင့် ပေးနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယင်းတို့မှာ နိုင်ငံတော်က ပေးသော ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် ပုဂ္ဂလိက အခန်းကဏ္ဍက ပေးသော ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတို့ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အားလျော်စွာ ပြည်သူလူထုအများစုသည် ဆင်းရဲနွမ်းပါးကြပါကြောင်း၊ ပုဂ္ဂလိက အခန်းကဏ္ဍက ပေးသော ကျန်းမာရေးစောင့်ရှောက်မှုဖြစ်သည့် ပုဂ္ဂလိက ဆေးရုံနှင့် ဆေးပေးခန်းများသည် တတ်နိုင်သော ပြည်သူလူထုအချို့အတွက် ငွေကုန်ကြေးကျမှု အထိုက်အလျောက် ရှိသော်လည်း ဝန်ဆောင်မှုကောင်းမွန်သဖြင့် ယင်းပြင်ပဆေးရုံ၊ ဆေးခန်းများသို့ သွားနိုင်ကြသော လူနာများအတွက် ကောင်းမွန်သကဲ့သို့ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများလည်း စီးပွားဖြစ်၊ ကုသိုလ်ဖြစ်ပြီး နှစ်ဦးနှစ်ဖက် သင့်တော်သော ဝန်ဆောင်မှုဖြစ်ပါကြောင်း၊ စီးပွားရေးသက်သက် ဆောင်ရွက်ခြင်းမျိုး မဖြစ်ရန်လည်း ဥပဒေက ထိန်းချုပ်ထားပြီးဖြစ်ပါကြောင်း၊ ပြည်သူလူထုအများစုအနေဖြင့် ကုန်ကျစရိတ် အနည်းအများအလိုက် နိုင်ငံတော်၏ ပြည်သူ့ဆေးရုံ၊ ဆေးခန်းများကို အားကိုးအားထားပြုနေရဆဲဖြစ်ပါကြောင်း၊ လက်ရှိကျင့်သုံးနေသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ကုသမှုစနစ်တွင် ငွေကြေးအသင့်အတင့်ရှိသူများကို သက်သာသောဈေးနှုန်းဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိပြီး ဓာတ်မှန်ရိုက်ခ၊ ECG စမ်းသပ်ခ၊ ဓာတ်ခွဲခန်းစမ်းသပ်ခမှ ရရှိသော ရန်ပုံငွေနှင့် သီးသန့်လူနာအခန်းခများမှ ရရှိသော ရန်ပုံငွေ စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းငွေနှင့် ဆေးရုံ ဆေးပဒေသာပင်မှ ရရှိသော အတိုးငွေ နှစ်ရပ်ပေါင်း ရန်ပုံငွေ၊ နိုင်ငံတော်က ထောက်ပံ့ထားသော ဆေးဝါးတို့ဖြင့် ဆင်းရဲသော လူနာများကို အခမဲ့စောင့်ရှောက်ပေးနေခြင်းဖြစ်ပါကြောင်း။

စရိတ်မျှပေး ကျန်းမာရေးစနစ်ဝန်ဆောင်မှုမှရရှိသော ငွေနှင့် ဆေးပဒေသာပင်၏ ရန်ပုံငွေများပြားသော ဆေးရုံများအနေဖြင့် ဆင်းရဲနွမ်းပါးသော လူနာများကို အတော်အသင့် အခမဲ့ကုသမှု ပေးနိုင်သော်လည်း ယင်းသို့သော ရန်ပုံငွေရရှိမှု နည်းပါးသည့် ဆေးရုံများတွင် နိုင်ငံတော်က ပံ့ပိုးပေးထားသော ဆေးဝါးမှလွဲ၍ အခမဲ့ကုသမှုများစွာ မရှိသေးပါကြောင်း၊ ဆင်းရဲနွမ်းပါးသော လူနာများအတွက် လိုအပ်သောဆေးဝါး အပြည့်အစုံကို ကျန်းမာရေးဝန်ထမ်းများက အမြဲတမ်းအပြည့်အဝ မပေးနိုင်ကြသော်လည်း ဝန်ထမ်းများ၏ စေတနာမေတ္တာတို့ဖြင့် စောင့်ရှောက်မှုမျိုးကို အမြဲပေးနိုင်သော အခြေအနေရှိသည့်အတွက် ဆရာ၊ ဆရာမများအပါအဝင် ကျန်းမာရေးဝန်ထမ်းများအားလုံး နှလုံးလှစေတနာဖြင့် ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကု ဆေးရုံကြီးများကို တိုင်းဒေသကြီး/ပြည်နယ်များ၌ တိုးချဲ့ ဆောက်လုပ်ပေးခဲ့ရာ ယခုအခါ နိုင်ငံတစ်ဝန်းလုံး ဆေးရုံကြီးငယ် ၉၂၉ ရုံ တည်ဆောက်ပေးခဲ့ပြီး ပုဂ္ဂလိကဆေးရုံ ၁၀၃ ရုံ၊ အထူးကုဆေးခန်း ၁၉၂ ခန်း တို့ကို စနစ်တကျ မှတ်ပုံတင်ဆောင်ရွက်ပေးထားပြီး ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက အခန်းကဏ္ဍ ကျန်းမာရေးဝန်ဆောင်မှု စောင့်ရှောက်မှုပေးခြင်းနှင့် နိုင်ငံတော်အစိုးရကပေးသော ကျန်းမာရေးစောင့်ရှောက်မှုတို့ ယှဉ်ပြိုင်နိုင်ရန် ဥပဒေနှင့်အညီ ဆက်လက်အားပေးသွားမည် ဖြစ်ပါကြောင်း။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသည် လူမျိုးပေါင်းစုံ၊ လူနာပေါင်းစုံ ၂၄ နာရီ ဝင်/ထွက်သွားလာရာ နေရာဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ ပါဝင်သော စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဆေးရုံ တွင်း/ပြင် သန့်ရှင်းသပ်ရပ်သာယာလှပစေရန် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဤဒေသနှင့် ကိုက်ညီသော အရိပ်ရပင်၊ ပန်းပင်များ တတ်နိုင်သလောက် စိုက်ပျိုးသွားကြရန် လိုအပ်ပါကြောင်း။

ဆရာဝန်၊ ဆရာမများအပါအဝင် ဝန်ထမ်းများအားလုံး ဆေးရုံတက်လူနာများအား စေတနာအရင်းခံဖြင့် ကိုင်တွယ်ပြုစုနေရသကဲ့သို့ လူနာများမှတစ်ဆင့် ဝန်ထမ်းများအား ရောဂါမကူးစက်စေရန် ဂရုစိုက်ကြရန်လိုပြီး လိုအပ်သော အကာအကွယ်ပစ္စည်းများ အပြည့်အဝသုံးစွဲကြရန်နှင့် ညွှန်ကြားချက်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ သွေးလက်ခံရာဌာနတွင် သွေးအလှူရှင်ထံမှ လက်ခံရရှိသော သွေးနှင့် လူနာများအား ထုတ်ပေးရသော သွေးတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိတိကျကျ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မန္တလေးဆေးရုံကြီးသည် ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသကဲ့သို့ နောင်တစ်ခေတ်တွင် ပြည်သူလူထုများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည့် ဆရာဝန်လောင်း၊ သူနာပြုဆရာမလောင်းများအတွက် လက်တွေ့စာတွေ့ သင်ကြားမှုကိုလည်း ပေးနေရသည့် ဆေးရုံကြီးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ လက်တွေ့ စာတွေ့ သင်ကြားမှုကို တာဝန်ယူဆောင်ရွက်ပေးနေကြသည့် ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို အမှန်တကယ် တတ်မြောက်သော၊ အရည်အချင်းပြည့်ဝသော ဆရာဝန်လောင်း၊ ဆရာမလောင်းများဖြစ်အောင် သင်ကြားပေးကြရန် တိုက်တွန်းလိုပါကြောင်း။

"ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ထိရောက်သည်" ဆိုသကဲ့သို့ ဆေးရုံကြီးသို့ အကြောင်းအမျိုးမျိုး၊ ရောဂါအမျိုးမျိုးဖြင့် ရောက်ရှိလာကြသော လူနာများကို ကုသမှုတစ်မျိုးတည်း ပေးရုံဖြင့် မလုံလောက်တော့ဘဲ လူနာများအား ကျန်းမာရေးအသိကိုပါ တစ်ပါတည်း ဟောပြောပညာပေးရန်လည်း လိုအပ်လာပါကြောင်း။

ကျန်းမာရေးဝန်ထမ်းများ၏ လိုအပ်ချက်ဖြစ်သည့် သာရေး၊ နာရေး၊ လူမှုရေး တင်ပြချက်များကို အတတ်နိုင်ဆုံး ကူညီဖြေရှင်းပေးပြီး မန္တလေးဆေးရုံကြီး၏ အတွင်းအပြင် လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးတို့ကို စီမံချက်ဖြင့် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ်-မန္တလေးသို့ ရောက်ရှိပြီး တက္ကသိုလ်၌ ကွန်ပျူတာသင်တန်း ဖွင့်လှစ်သင်ကြားပေးနေမှု၊ စာကြည့်တိုက် ဖွင့်လှစ်ထားရှိမှု၊ ဓာတုဗေဒဓာတ်ခွဲခန်း၌ ကျောင်းသား၊ ကျောင်းသူများ လက်တွေ့သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတသည် စာသင်ခန်းမ၌ တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပါမောက္ခချုပ်က သင်ကြားပေးလျက်ရှိသော ဘာသာရပ်များ၊ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့ သင်တန်းများတွင် တက်ရောက်လျက်ရှိသော သင်တန်းသားဦးရေ၊ ကျောင်းအဆောက်အအုံများနှင့် စာသင်ခန်းများ၊ ဆေးပညာသင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပမှုနှင့် စာတမ်းများ ထုတ်ဝေမှု၊ စာမေးပွဲကျင်းပမှုနှင့် ဘွဲ့အပ်နှင်းမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ကျောင်းသား၊ ကျောင်းသူများ အရည်အသွေး မြင့်မားလာရေးအတွက် လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကား ပြောကြားရာတွင် ၁၉၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည့် မန္တလေးဆေးတက္ကသိုလ်ကြီးသည် တစ်နိုင်ငံလုံးတွင်ရှိသည့် ဆေးတက္ကသိုလ် လေးခုအနက် တစ်ခုဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးနိုင်ကြမည့် ဆရာဝန်လောင်းများ လက်ခံသင်ကြား မွေးထုတ်ပေးရာ ဌာနကြီးဖြစ်ပါကြောင်း၊ ဤဆေးတက္ကသိုလ်တည်ထောင်စဉ်က တစ်နှစ်လျှင် ဆရာဝန်သစ်လွင် ဦးရေ ဆယ်ဂဏန်းမျှသာ မွေးထုတ်ပေးနိုင်သော်လည်း ယခုအခါ တစ်နှစ်လျှင် ၆၀၀ ကျော် မွေးထုတ်ပေးနိုင်ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဆေးတက္ကသိုလ်အားလုံးမှ မွေးထုတ်ပေးနိုင်သည့် ဆရာဝန်လောင်း အရေအတွက်မှာ တစ်နှစ်လျှင် ၂၀၀၀ ကျော်ခန့် ရှိလာပြီဖြစ်ပါကြောင်း။

ယခုကဲ့သို့ တိုင်းကျိုးပြည်ပြုနိုင်မည့် လူသားအရင်းအမြစ်များကို ကြိုးစားပြီး မွေးထုတ်လေ့ကျင့် ပေးနိုင်သည့်အတွက် ခေတ်အဆက်ဆက်မှ ပါမောက္ခချုပ်များ၊ ဌာနမှူးများအပါအဝင် ဆရာ၊ ဆရာမများ အားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေသည် သန်းပေါင်း ၆၀ ခန့် ရှိနေပြီဖြစ်ပါကြောင်း၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆရာဝန်ပေါင်း သုံးသောင်းကျော်ရှိပြီး ယေဘုယျအားဖြင့် လူဦးရေ နှစ်သောင်းတွင် ဆရာဝန်တစ်ဦးနှုန်း အချိုးရှိနေပြီဖြစ်သည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ တိုးတက်လာပြီဟု ဆိုရမည်ဖြစ်သော်လည်း လိုအပ်ချက်များလည်း များစွာရှိနေပါကြောင်း။

အာဆီယံ အိမ်နီးချင်းနိုင်ငံများနည်းတူ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဆရာဝန်နှင့် လူဦးရေအချိုးအစား တိုးတက်စေလိုသည့် စေတနာဖြင့် ဆရာဝန်လောင်းများကို အရေအတွက်တိုး၍ လက်ခံခြင်း၊ အချိန်တိုတိုအတွင်း မွေးထုတ်ပေးခြင်း၊ စာသင်နှစ်များနှင့် သင်ခန်းစာများ ချုံ့လိုက်ရခြင်းတို့ကြောင့် လိုအပ်သော ဆရာဝန်အရေအတွက်များ ရရှိလာနိုင်သော်လည်း ကျောင်းသား၊ ကျောင်းသူနှင့် သင်ကြားသည့် ဆရာများ အချိုးအစားမျှတမှုမရှိခြင်း၊ အထောက်အကူပစ္စည်း လောက်ငမှုမရှိခြင်း၊ စာသင်ခန်းနှင့် တည်းခိုနေထိုင်ရာ အဆောင်များ လုံလောက်မှုမရှိခြင်း၊ ကျောင်းသား၊ ကျောင်းသူများ များပြားသည့်အတွက် သင်ခန်းစာကို အပြည့်အဝ မလိုက်နိုင်ကြခြင်းတို့ကြောင့် မလိုအပ်သော ကျူရှင်စနစ် ပေါ်ပေါက်လာခြင်း၊ စမ်းသပ်လူနာနှင့် သင်တန်းသား မမျှတမှုကြောင့် လက်တွေ့တွင် အခက်အခဲများ ရှိလာခြင်းစသော အခက်အခဲပေါင်းများစွာ ပေါ်လာခဲ့သည့်အတွက် အလျင်အမြန် ပြုပြင်ရန် လိုအပ်လာပြီဖြစ်ပါကြောင်း။

မလိုလားအပ်သော ကျူရှင်စနစ် ပေါ်လာခြင်းကြောင့် နိုင်ငံတော်က ငွေကြေးအမြောက်အမြား ကျခံသုံးစွဲ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)ရှိ သားဖွားမီးယပ်ကုသဆောင်၌ တက်ရောက်ကုသနေသော လူနာများအား ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)



ကြောင်း၊ မြန်မာနိုင်ငံ ဆေးတက္ကသိုလ်အားလုံးမှ မွေးထုတ်ပေးနိုင်သည့် ဆရာဝန်လောင်း အရေအတွက်မှာ တစ်နှစ်လျှင် ၂၀၀၀ ကျော်ခန့် ရှိလာပြီဖြစ်ပါကြောင်း။

ယခုကဲ့သို့ တိုင်းကျိုးပြည်ပြုနိုင်မည့် လူသားအရင်းအမြစ်များကို ကြိုးစားပြီး မွေးထုတ်လေ့ကျင့် ပေးနိုင်သည့်အတွက် ခေတ်အဆက်ဆက်မှ ပါမောက္ခချုပ်များ၊ ဌာနမှူးများအပါအဝင် ဆရာ၊ ဆရာမများ အားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေသည် သန်းပေါင်း ၆၀ ခန့် ရှိနေပြီဖြစ်ပါကြောင်း၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆရာဝန်ပေါင်း သုံးသောင်းကျော်ရှိပြီး ယေဘုယျအားဖြင့် လူဦးရေ နှစ်သောင်းတွင် ဆရာဝန်တစ်ဦးနှုန်း အချိုးရှိနေပြီဖြစ်သည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ တိုးတက်လာပြီဟု ဆိုရမည်ဖြစ်သော်လည်း လိုအပ်ချက်များလည်း များစွာရှိနေပါကြောင်း။

အာဆီယံ အိမ်နီးချင်းနိုင်ငံများနည်းတူ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဆရာဝန်နှင့် လူဦးရေ အချိုးအစား တိုးတက်စေလိုသည့် စေတနာဖြင့် ဆရာဝန်လောင်းများကို အရေအတွက်တိုး၍ လက်ခံခြင်း၊ အချိန်တိုတိုအတွင်း မွေးထုတ်ပေးခြင်း၊ စာသင်နှစ်များနှင့် သင်ခန်းစာများ ချုံ့လိုက်ရခြင်းတို့ကြောင့် လိုအပ်သော ဆရာဝန်အရေအတွက်များ ရရှိလာနိုင်သော်လည်း ကျောင်းသား၊ ကျောင်းသူနှင့် သင်ကြားသည့် ဆရာများ အချိုးအစားမျှတမှုမရှိခြင်း၊ အထောက်အကူပစ္စည်း လောက်ငမှုမရှိခြင်း၊ စာသင်ခန်းနှင့် တည်းခိုနေထိုင်ရာ အဆောင်များ လုံလောက်မှုမရှိခြင်း၊ ကျောင်းသား၊ ကျောင်းသူများ များပြားသည့်အတွက် သင်ခန်းစာကို အပြည့်အဝ မလိုက်နိုင်ကြခြင်းတို့ကြောင့် မလိုအပ်သော ကျူရှင်စနစ် ပေါ်ပေါက်လာခြင်း၊ စမ်းသပ်လူနာနှင့် သင်တန်းသား မမျှတမှုကြောင့် လက်တွေ့တွင် အခက်အခဲများ ရှိလာခြင်းစသော အခက်အခဲပေါင်းများစွာ ပေါ်လာခဲ့သည့်အတွက် အလျင်အမြန် ပြုပြင်ရန် လိုအပ်လာပြီဖြစ်ပါကြောင်း။

မလိုလားအပ်သော ကျူရှင်စနစ် ပေါ်လာခြင်းကြောင့် နိုင်ငံတော်က ငွေကြေးအမြောက်အမြား ကျခံသုံးစွဲပေးသည့် တက္ကသိုလ်စရိတ်အပြင် ကျောင်းသား၊ ကျောင်းသူဘက်မှ ကျူရှင်အတွက် ကုန်ကျသော စရိတ်ကြောင့် ငွေကုန်ကြေးကျပိုများခြင်း၊ မိမိကိုယ်တိုင် ကြိုးစားအားထုတ်လိုစိတ် လျော့ပါးပြီး ဆရာကိုသာ မှီခိုအားကိုးလိုစိတ်ရှိလာသည့်အတွက် နောင်တွင် အလားအလာမကောင်းခြင်း၊ အတန်းထဲတွင် သင်ခန်းစာများကို ကျေညက်အောင် မသင်ယူနိုင်ခြင်း၊ မသင်ပေးနိုင်ခြင်းစသည်တို့ကြောင့် အရည်အချင်း၊ အရည်အသွေးများ လျော့ကျပြီး နိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရန် ဝန်လေးလာခြင်း၊ နိုင်ငံ၏ ပုံရိပ်များ ထိခိုက်လာခြင်းတို့သည် တက္ကသိုလ်၌ ကျူရှင်ယူရသော နောက်ဆက်တွဲ အကျိုးဆက်များ ဖြစ်ပါကြောင်း၊ ကျူရှင်မယူဘဲ စာကြည့်တိုက်၊ စာအုပ်၊ဆရာ၊ဆရာမများ၊ အင်တာနက်များ အားကိုးပြီး အရည်အချင်းများ ပြည့်ဝအောင် ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါကြောင်း။

မန္တလေး ဆေးတက္ကသိုလ်ကြီး၏ သင်ကြားရေးဌာနများ အနေဖြင့် အခက်အခဲ အမျိုးမျိုးကြားမှ တာဝန်ဝတ္တရားများကို ကြိုးစားဆောင်ရွက်နေကြသော ဝန်ထမ်းများကိုလည်း အမြဲမပြတ် ခန့်ထားဖြည့်စွက်နေရမည်ဖြစ်ပါကြောင်း။

ထိုကဲ့သို့ ဆေးတက္ကသိုလ် သင်ကြားရေးဝန်ထမ်းအဖြစ် ခန့်အပ်ရာတွင် မိခင်ဘာသာရပ်ကို အမှန်တကယ် စိတ်ဝင်စားပြီး တိုးတက်အောင် လုပ်ဆောင်မည့် ဝန်ထမ်းများကိုသာ ခန့်ထားရန် လိုအပ်ပါကြောင်း၊ ဆေးတက္ကသိုလ်ကြီးက ဘွဲ့လွန်သင်တန်း အမျိုးမျိုးကို သင်ကြားပေးရာတွင် အထူးပြုဘာသာရပ် ဘွဲ့လွန်များသည် အများအားဖြင့် အထွေထွေ မဟာဘွဲ့လွန်၊ အထွေထွေ ပါရဂူဘွဲ့လွန် သင်တန်းများသာ ဖြစ်နေကြသဖြင့် ခန္ဓာကိုယ်၏ System တစ်ခုချင်းအလိုက်ပေးသော ဘွဲ့လွန်မျိုးသာမကဘဲ ယင်းတို့ထက် အတွင်းကျ၊ အသေးစိတ်ကျသော Organ တစ်ခုချင်း အလိုက် မဟာနှင့် ပါရဂူဘွဲ့လွန်များ သင်ကြားပေးသွားနိုင်ရန် လိုအပ်သကဲ့သို့ ကမ္ဘာ့ဘွဲ့လွန်များနှင့်လည်း ယှဉ်ပြိုင်နိုင်အောင် ကြိုးစားကြစေလိုပါကြောင်း။

ဤကဲ့သို့ အဆင့်မြင့်ဘွဲ့လွန်သင်တန်း အမျိုးမျိုး ပေးနိုင်ရန်အတွက် ခေတ်မီသော စာကြည့်တိုက်၊ လုံလောက်သော ဆေးဘက်ဆိုင်ရာ စာအုပ်စာတမ်းများကိုလည်း အဆင့်မြင့်တင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲနေသော ဆေးပညာရပ်များကို အမီလိုက်နိုင်ရန်အတွက် စဉ်ဆက်မပြတ် ပညာသင်ကြားရေး အစီအစဉ်များကိုလည်း မျက်ခြည်မပြတ် ဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင်း၊ ဌာနတွင်း ဆေးဘက်ဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို ဆောင်ရွက်နေမှုများနှင့်သာ တင်းတိမ်ရောင့်ရဲ ကျေနပ်မနေကြဘဲ အာဆီယံအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အခြားသော အဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုးတက်မှုရှိနေစေရန် ဆောင်ရွက်သွားကြပါ၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးအပြင် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ အပါအဝင် သာရေး၊ နာရေး၊ လူမှုရေး ကိစ္စများကိုလည်း မျက်ခြည်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြပါဟု တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပါမောက္ခ/ဌာနမှူးများက သင်ကြားရေးလုပ်ငန်းများအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တင်ပြကြရာ ဒုတိယသမ္မတက အချို့သောကိစ္စရပ်များကို မိမိတက္ကသိုလ် အစီအစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်၍ ရနိုင်ပြီး နိုင်ငံတော်ကဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကိုမူ ဆေးပညာသင်ကြားရေးအတွက်သာမက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအားလုံး တိုးတက်လာစေရန် ရည်ရွယ်ကျင်းပမည့် ကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ညနေပိုင်းတွင် ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)သို့ ရောက်ရှိပြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ သွေးဘဏ်နှင့်ဓာတ်မှန်ဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ရွှေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဆေးရုံကြီးအနီးရှိ သားဖွားသင်တန်းကျောင်း(မန္တလေး)မှ ကျောင်းအုပ်ကြီးနှင့် သင်ကြားရေးဆရာမများ၊ သင်တန်းသူများအား တွေ့ဆုံပြီး သင်တန်းဖွင့်လှစ်သင်ကြားနေမှု အခြေအနေကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံကြီးရှိ သားဖွား၊ မီးယပ်ကုသဆောင်တွင် တက်ရောက်ကုသနေသော လူနာများအား လှည့်လည်ကြည့်ရှုအားပေးပြီး ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအား ရောဂါဖြစ်ပွားမှုနှင့် ဆေးဝါးကုသပေးနေမှုတို့ကို ဆွေးနွေးမေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ရုံကြီး (မန္တလေး)ရှိ သားဖွားမီးယပ်ကုသဆောင်

(သတင်းစဉ်)

✤ကျောဖုံးမှ

ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလှူရှင်တို့က ဆေးရုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံကြီးရှိ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ကုသခန်း၊ ဖျားနာကုသဆောင် (၁)၊ သီးသန့်လူနာဆောင်နှင့် ဓာတ်ခွဲဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆေးရုံဖွင့်ပွဲ အခမ်းအနားအစီအစဉ်များကို ဆေးရုံရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ အလှူရှင် ဒေဝအုပ်စုကုမ္ပဏီဥက္ကဋ္ဌက ဆေးရုံအဆောက်အအုံနှင့် ဆေးရုံသုံးပစ္စည်းများနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဇော်မြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒေဝအုပ်စုကုမ္ပဏီနှင့် မြန်မာ့ရွှေဆောင်ဘဏ် မိသားစုတို့က ဆေးရုံကြီးအတွက် လူနာတင်ယာဉ် နှစ်စီးနှင့် ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၃၀၀၀၊ Rising Sun Paint ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးတေဇစောဦးနှင့် ဇနီး ဒေါ်နှင်းရည်မွန် မိသားစုတို့က ကလေးဆေးရုံသုံး Incubatorနှင့် အလှူငွေကျပ်သိန်း ၂၀၊ ရောဝတီဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဇနီး ဒေါ်ဌေးဌေးခိုင်တို့က ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၂၀၀၊ စူပါကော်ဖီမစ် မိသားစုက ငွေကျပ် သိန်း ၁၁၀ တန်ဖိုးရှိ ရေသန့်စင်စက် တစ်စုံ၊ Fresh Air Conditioning Systems & GK Power Systems Co., Ltd. မှ ဒါရိုက်တာ ဒေါ်ခိုင်ခိုင်မြင့်၊ မဟာအောင်မြင်သူ ကုမ္ပဏီများအုပ်စု၊ ရောဟသ်ာ ကုမ္ပဏီများအုပ်စု၊ MDG ကုမ္ပဏီ၊ မန်းရွှေလီ ကုမ္ပဏီနှင့် Myanmar Com Biz Co., Ltd. နှင့် Denko Trading Co., Ltd. တို့က ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၁၀၀ စီ၊ သိဃ်ရတနာမိသားစုနှင့် ကျော်ညီအစ်ကို မိသားစုတို့က ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်မြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြရာတွင် ယခု ခုတင်(၅၅၀)ဆံ့ ကလေးရောဂါ အထူးကုဆေးရုံကြီး (မန္တလေး)ကို ယနေ့မှစတင်၍ ဖွင့်လှစ်အသုံးပြုနိုင်တော့မည် ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရမည့် နေ့တစ်နေ့ဖြစ်ပါကြောင်း။

အထက်မြန်မာပြည်မှ ကလေးသူငယ်များ၊ မန္တလေးမြို့နှင့် နီးစပ်ရာမြို့နယ်များမှ ဒေသခံပြည်သူများ၏ ရင်သွေးငယ်များအတွက် လူနာဆောင်များကို ခေတ်နှင့်လျော်ညီစွာ ပုံစံရေးဆွဲတည်ဆောက်ခဲ့ပြီး ဆရာဝန်၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများကို ဝန်ထမ်းပေါင်း ၇၀၁ ဦးဖြင့် ဖွဲ့စည်းခွင့်ပြုပေးခဲ့ပါကြောင်း၊ ယခုအခါ အထက်မြန်မာပြည်ရှိ ကလေးသူငယ်များအနေဖြင့် ယခင်ရှိပြီး မန္တလေးမြို့ ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီးအပြင် ခုတင်(၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံကြီးရှိ ကလေးအထူးကုဆရာဝန်ကြီးများနှင့် အချိန်မရွေး လွယ်လွယ်ကူကူ ပြသကုသနိုင်ကြတော့မည်ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများအပါအဝင် ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ဆေးခန်းများကို နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ စံကိုက်ဝန်ထမ်းဖွဲ့စည်းပုံ တိုးမြှင့်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်၊ သူနာပြုများ ပိုမိုခန့်ထားပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်အထိ နယ်စပ်ဆေးရုံပေါင်း ၁၀၀၊ မြို့နယ်ခွဲဆေးရုံ ၈၂ ရုံ အပါအဝင် ဆေးရုံပေါင်း ၉၃၈ ရုံအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်၏ ကျန်းမာရေးအသုံးစရိတ်ကိုလည်း တိုးမြှင့်သုံးစွဲကာ ဆေးရုံများ၊ ကျန်းမာရေးဌာနများ တည်ဆောက်ပေးပြီး ဆေးပညာရှင်၊ သူနာပြု၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းဖြစ်သည့် ကျန်းမာရေးလုပ်သား လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မန္တလေးတိုင်းဒေသကြီး အတွင်း အထူးကုဆေးရုံ ၁၄ ရုံ၊ သင်ကြားရေး အထွေထွေ/အထူးကုဆေးရုံ သုံးရုံ၊ ခုတင်(၃၀၀)ဆံ့ဆေးရုံ နှစ်ရုံ၊ ခုတင်(၂၀၀)ဆံ့ဆေးရုံ သုံးရုံ၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံ ခြောက်ရုံ၊ ခုတင်(၅၀)ဆံ့ဆေးရုံ ၁၄ ရုံ၊ (၂၅)ခုတင်ဆံ့ဆေးရုံ ၁၄ ရုံ၊ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ ၄၈ ရုံ စုစုပေါင်း ၁၀၄ ရုံ ရှိနေပြီဖြစ်ပါကြောင်း။

ဒေသခံပြည်သူများအနေဖြင့်လည်း ဆေးရုံလူနာဆောင်များ ရေရှည်တည်တံ့ခိုင်မြဲအောင်၊ အစဉ်သန့်ရှင်းသပ်ရပ်အောင် စည်းကမ်းရှိရှိ အသုံးပြုကြပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများကို စေတနာအလျောက် အကြံပြုပါဝင်စောင့်ရှောက်ပေးကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို နယ်စပ်ဒေသများပါမကျန် လွှမ်းခြုံဆောင်ရွက်ပေးနေပါကြောင်း။

ယခုဖွင့်လှစ်လိုက်သော ကလေးရောဂါအထူးကုဆေးရုံကြီးကို ကုသရေးသာမက သင်ကြားရေးဆေးရုံ အဖြစ်လည်း အသုံးပြုမည်ဖြစ်သည့်အတွက် ဆေးပညာ သင်ကြားပေးကြသော ပါမောက္ခများ၊ ကထိကများ၊ အထူးကုဆရာဝန်ကြီးများက ကျောင်းသား၊ ကျောင်းသူများ စာတွေ့လက်တွေ့ ကျွမ်းကျင်စွာ တတ်မြောက်ရေး၊ အရည်အသွေးမြင့်မားရေး၊ စိတ်ဓာတ်သဘောထားခံယူချက် ကောင်းမွန်ရေးအပြင် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များ လိုက်နာရေးအတွက်ပါ မိမိတို့ကိုယ်တိုင် စံနမူနာပြုကျင့်သုံးပြီး မျိုးဆက်သစ်များကို လေ့ကျင့်သင်ကြားပေးကြစေလိုပါကြောင်း။

ယခုဆေးရုံသစ်ကြီးကို ဒေဝအုပ်စုကုမ္ပဏီက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းခဲ့သည့်အတွက် ဒေဝအုပ်စုကုမ္ပဏီ၏ စေတနာကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် ကျေးဇူးလည်းတင်ရှိပါကြောင်း။

ထို့အပြင် ယခုကဲ့သို့ ကလေးအထူးကု ဆေးရုံသစ်ကြီးတစ်ခု ပေါ်ထွက်လာမှုအပေါ် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ယနေ့ ပါဝင်လှူဒါန်းပေးကြသော အလှူရှင်များ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အလှူရှင် ဒေဝအုပ်စုကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အလှူရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)သည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၇)လမ်းနှင့် (၂၈)လမ်းကြား၊ (၆၆)လမ်းနှင့် (၆၈)လမ်းကြားတွင်တည်ရှိပြီး ဧရိယာ ၉ ဒသမ ၅၇ ဧက ကျယ်ဝန်းသည်။ယခင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးဝင်းနေရာကို ပြုပြင်တည်ဆောက်ခဲ့ပြီး အဆောက်အအုံဟောင်း ၃၇ လုံးအနက် ကြံ့ခိုင်မှုမရှိသော အဆောက်အအုံအချို့ကို ဖျက်သိမ်းပြီး အဆောက်အအုံ ၁၄ လုံးကို ပြုပြင်မွမ်းမံအဆင့်မြှင့်တင်၍ အဆောက်အအုံအလုံး ၂၀ ကို အသစ်တည်ဆောက်ခဲ့သည်။ ဆေးရုံရှိ အဆောက်အအုံစုစုပေါင်းမှာ ၃၄ လုံးဖြစ်သည်။

အဆိုပါ ဆေးရုံကြီးတွင် အဆောက်အအုံ ၃၄ လုံးရှိကာ ပြင်ပလူနာဌာန၊ အရေးပေါ်လူနာဌာန၊ ခွဲစိတ်ကုသဆောင်၊ ခွဲစိတ်ခန်းမနှင့် အထူးကြပ်မတ်ကုသဆောင်၊ ဖျားနာကုသဆောင်၊ သီးသန့်လူနာဆောင်၊ သီးခြားကုသဆောင်၊ ဓာတ်ခွဲဌာန၊ ဓာတ်မှန်ခန်း၊ အစည်းအဝေးခန်းမ၊ ဆေးရုံအုပ်ကြီးနေအိမ်နှင့် ဝန်ထမ်းအိမ်ရာများ၊ ကလေးအားကစားကွင်းတို့ကို ထည့်သွင်းတည်ဆောက်ထားပြီး ဒေဝအုပ်စုကုမ္ပဏီက ငွေကျပ် ၅၂၁၁ ဒသမ ၆၃၆ သန်း အကုန်အကျခံကာ ပြုပြင်တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)ရှိ ခွဲစိတ်ကုသခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တာမွေမြို့နယ် သမ္မာဒိဋ္ဌိလမ်းနေ အဘွား ဒေါ်စန်းရီအား အမှူးထား၍ မောင်ဝဏ္ဏအောင်နှင့် မသူသူမြင့်တို့ မင်္ဂလာဦးအလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အဖွဲ့ဝင် ဦးမောင်မောင်အောင် လက်ခံစဉ်။ (ကြေးမုံ)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၁)နေပြည်တော်အားကစားကွင်း အုပ်စု(ဂ)
လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာန ၁၁ ဂိုး
(ငြိမ်းတေဇာဝင်း-လေးဂိုး၊နေဝင်းထွန်း-သုံးဂိုး၊ ချစ်စုမိုး-နှစ်ဂိုး၊ ကျော်လွင်နှင့်ကျော်သီဟ)
အမှတ်(၂)စက်မှုဝန်ကြီးဌာန တစ်ဂိုး
(မျိုးညွန့်ဝင်း)
(ဒိုင်လူကြီး) ဦးခင်မောင်ထွေး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(ဃ)
သတ္တုတွင်းဝန်ကြီးဌာန နှစ်ဂိုး
(အောင်သူဝင်းနှင့်ရဲထူးဇော်)
ပညာရေးဝန်ကြီးဌာန ဂိုးမရှိ
(ဒိုင်လူကြီး) ဦးထွန်းကြည်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ယနေ့ အမှတ်(၂)နေပြည်တော်ကွင်း၌ ကျင်းပသော ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်သို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(ဃ)
အလုပ်သမားဝန်ကြီးဌာန ၁၀ ဂိုး
(ချစ်အေး-ငါးဂိုး၊ ရဲနောင်-နှစ်ဂိုး၊ ဇော်ဇော်ထွန်း၊ ဝင်းဇော်၊ စောသိန်းသောင်း)
သာသနာရေးဝန်ကြီးဌာန ဂိုးမရှိ
(ဒိုင်လူကြီး) ဦးသန်းဇော်မင်း(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၂၇-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)ပွဲစဉ်များ

အမှတ်(၁) နေပြည်တော်အားကစားကွင်း အုပ်စု(င)
နယ်စပ်ရေးရာနှင့် စီမံ/စီးပွား
အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(စ)
အားကစားနှင့် လျှပ်စစ်(၂)
နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(င)
ဟိုတယ်/ခရီးနှင့် ပြည်ထဲရေး

(၁၀၇)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များတွင် အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ သတ္တုတွင်းဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့ဘောလုံးသမိုင်းကြောင်း(ဒုတိယပိုင်း)စာအုပ် လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာ့ဘောလုံးသမိုင်းကြောင်း(ဒုတိယပိုင်း)စာအုပ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားပြိုင်ဝင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားပြီး ဝါရင့်အားကစား ကလောင်ရှင်များဖြစ်ကြသော စစ်ကိုင်းဦးကြည်ညွှန့်နှင့် ဦးကျော်ငြိမ်းတို့က မြန်မာ့ဘောလုံးသမိုင်းကြောင်း(ဒုတိယပိုင်း) စာအုပ်လှူဒါန်းရခြင်း အကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာ့ဘောလုံးသမိုင်းကြောင်း (ဒုတိယပိုင်း) စာအုပ်များကို ပေးအပ်လှူဒါန်းရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံပြီး **(ယာပုံ)** ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၆

ထိုင်းနိုင်ငံတွင် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဂျူဒိုဒိုင်လူကြီး ဆွေးနွေးပွဲနှင့် စာမေးပွဲဖြေဆိုရန် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ ထွန်းတင်ထူး (ရထားပို့ဆောင်ရေး)နှင့် ခင်ချမ်းမြေ့သူ (လယ်/ဆည်)တို့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။**(ယာပုံ)**

(သတင်းစဉ်)

ဘလက်ပူးအသင်း အိန်ဂျယ်မာတီနက်ဇ်ကို ခေါ်ယူစာချုပ်

ဟန်သစ်

လန်ဒန် ဇူလိုင် ၂၆

ချန်ပီယံရှစ်ကလပ် ဘလက်ပူးအသင်းသည် အက်စ်ပန်ညို ကစားသမားဟောင်းဖြစ်သူ စပိန်ကွင်းလယ် ကစားသမား အိန်ဂျယ်မာတီနက်ဇ်**(ဝဲပုံ)**ကို ခေါ်ယူနိုင်ခဲ့ပြီဟု သိရသည်။

ဘလက်ပူးအသင်းသည် အဆိုပါကစားသမားကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားသည်။ အသက် (၂၅)နှစ်ရှိ အိန်ဂျယ်မာတီနက်ဇ်က "ကျွန်တော့်ရဲ့ ပြောင်းရွှေ့မှုက မှန်ကန်တယ်လို့ ယုံကြည်ပါတယ်။ ဒီအသင်းမှာ အတွေ့အကြုံယူပြီး စပိန်နိုင်ငံအသင်းအတွက် အကောင်းဆုံး ကူညီပေးနိုင်မယ်လို့ ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

အင်တာနက်။

အယ်လ်ဘာတိုအကွီလာနီ ဖီအိုရင်တီးနားသို့ ပြောင်းရွှေ့

လန်ဒန် ဇူလိုင် ၂၆

လီဗာပူးကွင်းလယ်ကစားသမား အယ်လ်ဘာတိုအကွီလာနီသည် ဖီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့နိုင်ခဲ့ပြီဟု သိရသည်။

လီဗာပူးအသင်းသည် အသက်(၂၇)နှစ်ရှိ အယ်လ်ဘာတိုအကွီလာနီ**(ယာပုံ)**ကို ၂၀၀၉ ခုနှစ်က ပေါင် ၁၇ သန်းဖြင့် ရိုးမားအသင်းမှ ခေါ်ယူခဲ့ခြင်းဖြစ်ကာ ပြီးခဲ့သည့် ဘောလုံးရာသီက ဂျူဗင်တပ်စ်အသင်းသို့ အငှားချထားခဲ့သည်။ သို့သော် ယခုတွင်လည်း လီဗာပူးအသင်း အနေဖြင့် အယ်လ်ဘာတိုအကွီလာနီကို အသင်းတွင် ဆက်မထားဘဲ ဖီအိုရင်တီးနားအသင်းသို့ အငှားဖြင့် ထပ်မံပြောင်းရွှေ့ခွင့် ပေးလိုက်ခြင်းဖြစ်သည်။

အင်တာနက်။

မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းပြိုင်ပွဲကို ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်အထိ သိမ်ဖြူလမ်းနှင့် ကန်ရိပ်သာလမ်းထောင့်ရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဩဂုတ် ၉ ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာ စစ်တုရင်အားကစားနည်းအား ထည့်သွင်းကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

တောင်တွင်းကြီး ဇူလိုင် ၂၆

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၁ ရက် ညနေ ၃ နာရီက ရန်ပယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ တောင်ပြင် (၂)ရပ်ကွက်အသင်းနှင့် အုန်းတော(၁)ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျသွားသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ မြို့ပေါ် ၁၀ ရပ်ကွက်မှ အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(၅၈၀)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၆

ဦးတင့်လွင်သည် ကစားဖော်များဖြစ်ကြသော ဦးဆန်းနောင်၊ ဦးကျော်ငြိမ်း၊ ဦးခင်မောင်ဝင်း၊ ဦးအောင်ကျော်ကိုးတို့နှင့်အတူ ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း (ငွေသော်တာကွင်း)၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro VIX NO.(4) ဘောလုံးကို Katana Sword U-7 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(ကြေးမုံ)

ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ ဗီဒီယိုလုပ်ငန်းဆိုင်ရာများ ကွင်းဆင်းစစ်ဆေးမည်

နေပြည်တော် ဇူလိုင် ၂၆

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီသည် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်(၁၄)ရပ်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ရည်မှန်းချက်တာဝန်(၁၃)ရပ်နှင့် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီအတွက် လမ်းညွှန်ချက်(၇)ချက်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ တိုင်းဒေသကြီးနှင့် ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၊ အတွင်းရေးမှူး (လုပ်ငန်းစုမှူး)များ လိုက်နာဆောင်ရွက်ရန် လမ်းညွှန်ချက်(၈)ချက်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ဗီဒီယိုထုတ်လုပ်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ ဗီဒီယိုတိပ်ခွေ(ဗွီစီဒီ၊ ဒီဗွီဒီ) ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် ဗီဒီယိုပြသခြင်း(ရုံနှင့် ပြသခြင်း၊ ကာရာအိုကေခန်းမ၊ လက်ဖက်ရည်ဆိုင်ဗီဒီယိုပြသခြင်း၊ စားသောက်ဆိုင်တွင် ဗီဒီယိုပြသခြင်း၊ အမျိုးသား၊ အမျိုးသမီး အလှပြင်ခန်းမ၊ အလှပြင်ဆိုင်များတွင် ဗီဒီယိုပြသခြင်း)လုပ်ငန်းများ လိုင်စင်မဲ့မရှိစေရေး၊ သက်တမ်းလွန်မရှိစေရေးနှင့် သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးတို့အတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် အကြောင်းကြားထားရှိကြောင်းနှင့် ကွင်းဆင်းစစ်ဆေးစဉ် လိုင်စင်မဲ့သက်တမ်းလွန်နှင့် သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိပါက ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အရေးယူသွားရန် အကြောင်းကြားထားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ အလုံမြို့နယ် စက်ရေတွင်းလမ်းနေ ဦးတင်ဖေ-ဒေါ်တင်စိန်တို့အား အမှူးထား၍ ဦးအောင်ထွန်း-ဒေါ်ချိုချိုလွင်တို့၏ (၃၅)နှစ်မြောက် မင်္ဂလာနေ့ အလှူနှင့် မြေး သဲသဲ၏ ကိုးလပြည့် မွေးနေ့ အလှူမင်္ဂလာအဖြစ် တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ ဆေးကုသဆောင်အတွက် ငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးအုန်းလှိုင် လက်ခံစဉ်။

(၃၄၂)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး (မန္တလေး) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကလေးဆေးရုံကြီး(မန္တလေး)ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

နိုင်ငံတော်၏ ကျန်းမာရေးအသုံးစရိတ်ကို တိုးမြှင့်သုံးစွဲကာ ဆေးရုံများ၊ ကျန်းမာရေးဌာနများ တည်ဆောက်ပေးပြီး ဆေးပညာရှင်၊ သူနာပြု၊ ကျန်းမာရေးလုပ်သား လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရန် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၆

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(မန္တလေး) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် အဆိုပါဆေးရုံကြီး၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ချီးမြှင့်ပြီး ဆေးရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် သူရဦးမြင့်မောင်၊ ဦးအုန်းမြင့်၊ ဦးတင့်ဆန်း၊ ဒေါက်တာမြအေးနှင့် ဒေါက်တာဖေသက်ခင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ ဆေးရုံကြီးကို ပြုပြင်တည်ဆောက်လှူဒါန်းသည့် ဧဒင်အုပ်စုကုမ္ပဏီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆေးပဒေသာပင်အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် အလှူရှင်ဧဒင်အုပ်စုကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က အရေးပေါ်လူနာဌာန ဥပစာ၌ ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ခွဲစိတ်ခန်းမနှင့် အထူးကြပ်မတ်ကုသဆောင်ရှိ ဆေးရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍

စာမျက်နှာ ၉ ကော်လံ ၃ သို့✤